မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဂုဏ်သတင်းပို့နှုံလှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၄)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်၊ စနေနေ့ အတွဲ (၆၄)၊ အမှတ် (၀၆၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ခေတ်မီ DEMU ရထားတွဲဆိုင်းပေါ်၌ ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၂၉

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်ဘူတာကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ○

ယနေ့ ဖတ် စ ရာ

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပုံစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲများ၌ ဆုရရှိသူများထုတ်ပြန်ကြေညာ ပြည်တွင်းသတင်း စာ ၂

ပန်းသဇင်နှင့် လနတ်တော်၏ စာဆိုသဘင်ပွဲ ဆောင်းပါး စာ ၁၀

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပို့စတာ၊ ဗီဒီယိုနှင့် ဆောင်ပါးပြိုင်ပွဲများ၌ ဆုရရှိသူများထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၂၉

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ပို့စတာ၊ ဗီဒီယိုနှင့် ဆောင်ပါးပြိုင်ပွဲများ၌ ဆုရရှိသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပို့စတာပြိုင်ပွဲ

ပထမ - ဦးအောင်စည်သူ
ထုံးပေါက်တော(တောင်ရွာ)၊ မကွေးမြို့၊
မကွေးတိုင်းဒေသကြီး

ဒုတိယ - မောင်ဝေယံကို
ကျွဲခြံရွာ၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

တတိယ - မငွေကြယ်စင်ထွန်း
တောင်သာအုပ်စု၊ မြောက်လွတ်ကုန်းကျေးရွာ၊
ပျဉ်းမနားမြို့

ဗီဒီယိုပြိုင်ပွဲ

ပထမ - ဒေါ်နွဲနိုင်းယွန်းယှဉ်
အမှတ် (၂၃၇) ပတ္တမြားရပ်ကွက်၊ ဟသံဘတမြို့၊
ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - မောင်ကောင်းခန့်တင်ကျော်
အမျိုးသားယဉ်ကျေးမှုနှင့်
အနုပညာတက္ကသိုလ် (မန္တလေး)

တတိယ - မယွန်းကြည်ပြာ
မမ (၂၆)၊ တိုက် (၁၀)၊ မြရည်နန္ဒာတိုက်ခန်း၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

ဆောင်းပါးပြိုင်ပွဲ

ပထမ - ဒေါက်တာအိအိသန့်
တိုက်အမှတ်(E2)၊အခန်း(၃၃)၊ သုခတော်ဝင်အိမ်ရာ၊
နေပြည်တော်

ဒုတိယ - ဦးမြင့်လွင်ထွေး
အခန်း (၀၁)၊ တိုက် (၇၁၀)၊
ပိတောက်အိမ်ရာ၊ နေပြည်တော်

တတိယ - ဒေါ်ထွေးထွေးခိုင်
မကွေးပညာရေးဒီဂရီကောလိပ်၊
မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

တတိယ - ဦးဇင်မင်းစိုး
အမှတ် (၆၄)၊ (၆) ရပ်ကွက်၊ နီလာ(၃)လမ်း၊
ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀ - ၁၁-၂၀၂၄

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၀၁၅	၃၀၃၅	၃၀၀၁	၃၀၂၅	၃၀၀၀	၃၀၁၀	၃၀၂၅	၃၀၀၅	၄၅၅၅	၃၂၄၅	၃၀၈၅	၃၀၀၀	၃၀၃၅	၃၀၂၀	၃၀၃၅	၃၀၃၀	၃၄၅၀	၃၉၉၀
95 Ron	၃၀၈၀	၃၂၆၅	၃၂၅၀	၃၀၉၀	၃၂၆၅	၃၂၇၅	၃၂၉၀	၃၂၄၅	၄၄၆၀	၃၄၀၀	၃၂၉၀	၃၂၇၀	၃၃၀၀	၃၂၉၀	၃၃၀၀	၃၀၈၅	၄၁၀၀	
HSD (500 ppm)	၂၆၅၅	၂၇၃၅	၂၇၁၀	၂၆၆၅	၂၇၄၀	၂၇၅၀	၂၇၆၅	၂၇၂၀	-	၂၈၀၅	၂၇၂၅	၂၇၄၀	၂၇၇၅	၂၇၆၀	၂၇၇၅	၃၀၀၀	၃၁၀၅	၃၆၉၀
HSD (50 ppm)	၃၂၉၀	၃၃၀၀	၃၃၄၅	၃၃၀၀	၃၃၀၅	၃၃၀၅	၃၃၀၀	၃၃၅၀	၄၈၃၀	၃၅၁၀	၃၃၆၀	၃၃၀၅	၃၃၀၀	၃၃၀၅	၃၄၀၀	၃၄၀၅	၃၄၀၅	-
HSD (10 ppm)	၃၂၉၀	၃၃၀၀	၃၃၄၅	၃၃၀၀	၃၃၀၅	၃၃၀၅	၃၃၀၀	၃၃၅၀	-	၃၅၁၀	၃၃၆၀	၃၃၀၅	၃၃၀၀	၃၃၀၅	၃၄၀၀	၃၄၀၅	-	-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၈၅၈	၂၉၄၉
95 Ron	၃၀၂၀	၃၁၁၄
HSD (500 ppm)	၂၅၁၀	၂၅၈၉
HSD (50 ppm)	၃၁၂၅	၃၂၁၇
HSD (10 ppm)	၃၁၂၅	၃၂၁၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၂၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

စည်းလုံးညီညွတ်သောအားဖြင့် အမိနိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်) အမျိုးသားရေးနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁၉၂/၂၀၂၄ ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းခဲ့သည်။

အဆိုပါ အမိန့်ကြော်ငြာစာအရ တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သာ သူရဘွဲ့ကို ပုဂ္ဂိုလ်လေးဦး၊ တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သော သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ကို ပုဂ္ဂိုလ် ၂၆ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်များဖြစ်သော ရဲသူရဲတံဆိပ်ကို ပုဂ္ဂိုလ် ခုနှစ်ဦး၊ ရဲဗလတံဆိပ်ကို ပုဂ္ဂိုလ် ၆၁ ဦးတို့က ချီးမြှင့်အပ်နှင်းခံခဲ့ကြရခြင်းဖြစ်သည်။ ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်ဘွဲ့ရပုဂ္ဂိုလ်များတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အမျိုးသမီးတစ်ဦးအပါအဝင် အရပ်ဘက်ပြည်သူ အမျိုးသား လူကြီး၊ လူငယ်များပါဝင်သည်ကို တွေ့ရသည်။

လက်ရှိ မိမိတို့နိုင်ငံ၏အခြေအနေအရ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်သည် မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့သာမက နိုင်ငံသူ နိုင်ငံသားအားလုံးပါဝင်ထမ်းဆောင်ကြရမည့် အရေးအကြီးဆုံး အမျိုးသားရေးတာဝန်ကြီးဖြစ်သည်။ ငြိမ်ချမ်းရေးကို မလိုလားသည့် EAO အဖွဲ့အချို့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက နိုင်ငံတစ်ဝန်း လူသတ်၊ ဗုံးထောင်၊ မိုင်းခွဲ၊ အကြောင်းမဲ့ပစ်ခတ်မှုများ လုပ်ဆောင်ပြီး ပြည်သူလူထုကို အကြောက်တရားဖြင့် စိုးမိုးနေသကဲ့သို့ နိုင်ငံတစ်ဝန်း မတည်မငြိမ်ဖြစ်ပေါ်နေသျှိန်တွင် အခွင့်ကောင်းယူကာ လက်နက်ကိုင်အဖွဲ့အချို့ကလည်း မြို့ရွာများကိုတိုက်ခိုက်ပြီး နယ်မြေချဲ့ထွင်ရန် ကြိုးပမ်းလျက်ရှိကြသည်။ ယခင်က တည်ငြိမ်အေးချမ်းပြီး ပြည်သူများ လုံခြုံချောမွေ့စွာ သွားလာနေထိုင်လုပ်ကိုင်စားသောက်နိုင်ခဲ့ကြသည့် နယ်မြေဒေသများမှာ အကြမ်းဖက်သောင်းကျန်းသူတို့၏ တိုက်ခိုက်မှုများကြောင့် စစ်ဒဏ်သင့်ဒေသများဖြစ်သွားပြီး ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ထားခဲ့သည့် လမ်းတံတား ဆက်သွယ်ရေးများ၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာအခြေခံအဆောက်အအုံများ ဖျက်ဆီးခံခဲ့ကြရသည်။

စစ်ဒဏ်သင့်ဒေသများမှ ပြည်သူများမှာလည်း ၎င်းတို့၏ အိုးအိမ်ပစ္စည်းဥစ္စာများ၊ လုပ်ငန်းကိုင်ငန်းများကို စွန့်ခွာ၍ ဘေးလွတ်ရာဒေသများသို့ တိမ်းရှောင်ကြရသည်။ ယင်းသို့ တိမ်းရှောင်ကြရသည့် အခါတွင်လည်း အဖိုးတန်ရွှေ ငွေ၊ ပစ္စည်းများ လုယက်ခံကြရသကဲ့သို့ပင် စွန့်ခွာထွက်ပြေးခဲ့ရသည့် အိုးအိမ်နှင့် ပိုင်ဆိုင်မှုများအနက် အဖိုးတန်ပစ္စည်းများကို ဖောက်ထွင်းခိုးဝှက်ခံရခြင်း၊ နေအိမ်တိုက်တာများတွင် တံခါးမရှိ ဓားမရှိ သိမ်းပိုက်ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းခံကြရသည်။ ထို့အပြင် အရွယ်ကောင်းဒေသခံပြည်သူများ၊ ကလေးငယ်များနှင့် သက်ကြီးပိုင်းအရွယ်များအထိ အဓမ္မစစ်မှုထမ်းဆောင်စေကာ တိုက်ပွဲဝင်ခိုင်းမှုများကိုလည်း ကြုံတွေ့ကြရသည်။ နိုင်ငံမပျက်ပျက်အောင် ပိုင်းဝန်းဖျက်ဆီးနေကြသည့် အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကြောင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပိတ်ဆို့ရပ်ဆိုင်းခဲ့ရပြီး ပြည်သူလူထုအတွက်ရော နိုင်ငံအတွက်ပါ နစ်နာဆုံးရှုံးကြရပြန်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ အတူတကွ စုစည်းနေထိုင်ကြသည့်နိုင်ငံဖြစ်ပြီး ကျဉ်းမြောင်းသည့် လူမျိုးရေးစိတ်ဓာတ်ဖြင့် ခွဲခြားရှု မရသည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသားတိုင်း လူမျိုးကြီး၊လူမျိုးငယ်ဟူ၍လည်းကောင်း၊ဘာသာတရားအရလည်းကောင်း၊ အသားအရောင်၊ ကျား/မ ဟူ၍ လည်းကောင်း ခွဲခြားမှုမရှိ တန်းတူရည်တူသာဖြစ်သည်ကိုလည်း အခိုင်အမာ ပြဋ္ဌာန်းထားပြီးဖြစ်သည်။ မြန်မာနိုင်ငံသားမှန်သမျှ မြန်မာနိုင်ငံတစ်ဝန်း မည်သည့်ချုပ်ချယ်ကန့်သတ်မှုမျိုးမှ မပါဝင်ဘဲ လွတ်လပ်စွာသွားလာနေထိုင်ခွင့်၊ လွတ်လပ်စွာ ပရိဓေသန ဝမ်းစာရှာဖွေစားသောက်ခွင့်တို့လည်း ရှိပြီးဖြစ်သည်။ သို့ရာတွင် ကျဉ်းမြောင်းသည့်တစ်ယူသန လူမျိုးစွဲဝါဒစွဲကိုင်ထားကြသည့် သောင်းကျန်းသူအဖျက်သမားများကြောင့် နိုင်ငံတော်၏ နေရာဒေသအချို့တွင် ပြည်သူများမှာ နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေးတို့ ဆုံးရှုံးနေကြရသည်။ အမျိုးသမီးအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ သက်ကြီးရွယ်အို အခွင့်အရေးများလည်း ဆုံးရှုံးနေကြရသည်။

သို့ဖြစ်ရာ အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားတို့ကြောင့် အမှောင်ဝိုးလွှမ်းခဲ့ရသည့်ဒေသများ အလင်းရောင်အောက်သို့ပြန်လည် ရောက်ရှိရေး၊ နိုင်ငံတစ်ဝန်း အေးချမ်းသာယာရေး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အခွန်ရှုံးတည်တံ့ခိုင်မြဲရေးတို့အတွက် တပ်မတော်နှင့်အတူ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသည့် ပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်သောအားဖြင့် ကာကွယ်စောင့်ရှောက်ကြရပါမည့်အကြောင်း။ ။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - စိုးစိုးနိုင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ဇွန်း၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
သတင်းထောက်များ - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူဇွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၊ ဖက်စ် ၀၆၇-၃၆၁၄၄၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဒိုလိမ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေးဂရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၅၆၀၄၅၅၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၁၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE
www.mdn.gov.mm

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❑ မိမိတို့အစိုးရအနေဖြင့် ယခုကဲ့သို့ မီးရထားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသကဲ့သို့ မိဘပြည်သူများအနေဖြင့်လည်း စည်းကမ်းတကျ လိုက်နာစီးနင်းပြီး ရထားလမ်းပိုင်းများနှင့် ဘူတာများ သန့်ရှင်းသပ်ရပ်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လို

❑ မီးရထားလမ်းပန်းဆက်သွယ်ရေးလုံခြုံမှု ပိုမိုကောင်းမွန်လာစေရေး အတွက် ပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်

❍ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာ့မီးရထားဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရန်ကုန်မြို့ပတ်ရထားခရီးစဉ်စတင်ပြေးဆွဲ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနားသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားက အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းလုပ်ငန်းများနှင့် စပ်နိုင်ငံမှ ဝယ်ယူတင်သွင်းထားသည့် ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များကို ရန်ကုန်မြို့ပတ်ရထားခရီးစဉ် စတင်ပြေးဆွဲခြင်း အခမ်းအနားဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိသည့် ပြည်သူများနှင့် နိုင်ငံတစ်ဝန်းလုံးက ပြည်သူများအတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ထူးထူးခြားခြား မှတ်တမ်းပြုရမည့် နေ့တစ်နေ့ဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးလုပ်ငန်းသည် မြန်မာ့သယ်ယူပို့ဆောင်ရေး၏ အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့ကြောင်း၊ နိုင်ငံ၏ပထမဦးဆုံးနှင့် ရှေးအကျဆုံး သယ်ယူပို့ဆောင်မှု စနစ်တစ်ခုဟုဆိုရမည်ဖြစ်ကြောင်း၊မြန်မာနိုင်ငံတွင် ရထားပို့ဆောင်ရေးလုပ်ငန်း စတင်ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်ကို လေ့လာကြည့်ပါက ၁၈၇၇ ခုနှစ်၊ မေလ ၁ ရက် တွင် ရန်ကုန်-ပြည် ရထားလမ်းပိုင်း ၁၆၁ မိုင်ခရီးကို ယခင်က ကွမ်းခြံကုန်းဘူတာဟု အမည်တွင်ခဲ့သည့် ရန်ကုန်ဘူတာကြီးမှ စတင်ဖောက်လုပ်ပြေးဆွဲခဲ့သည်ကို တွေ့ရကြောင်း၊ ယနေ့ဆိုပါက နှစ်ပေါင်း (၁၄၇) နှစ်ကျော် လွန်ခဲ့ပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ ရန်ကုန်-ပြည်ရထားလမ်းပိုင်း စတင်ပြေးဆွဲနိုင်ခဲ့ခြင်းသည် အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာနိုင်ငံက ပထမဦးဆုံးဖြစ်ခဲ့ကြောင်း၊ အရှေ့တောင်အာရှ၏ သက်တမ်းအရင့်ဆုံး ရထားပို့ဆောင်ရေးလုပ်ငန်းကို ပိုင်ဆိုင်ထားသည့် နိုင်ငံဟုဆိုနိုင်ကြောင်း၊ လက်ရှိကာလတွင် နိုင်ငံအတွင်း ရထားလမ်းခရီးမိုင် စုစုပေါင်း ၃၈၀၀ ကျော်နှင့် ဘူတာရုံပေါင်း ၉၆၂ ခုအထိ တည်ဆောက်နိုင်ခဲ့ကြောင်း။

လိုရာခရီးကိုပို့ဆောင်ပေးနိုင်

အခြေခံလူတန်းစားပြည်သူအများစု နေ့စဉ်နှင့် အမျှ အဓိက အားကိုးအားထားပြုနေရသည့် ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးလိုအပ်ချက်ဖြစ်သည်ဟု သုံးသပ်ဖော်ထုတ်နိုင်ကြောင်း၊ စရိတ်စက သက်သာစွာနှင့် ခရီးသည်အများအပြားကို လိုရာခရီးကို ပို့ဆောင်ပေးနိုင်ကြောင်း၊ ကုန်စည်အမြောက်အမြားကိုလည်း ရထားလမ်းကွန်ရက်ရှိရာဒေသအသီးသီးသို့ ကုန်ကျစရိတ်ကျဉ်းကျဉ်းနှင့် အချိန်တိုအတွင်း ပို့ဆောင်ပေးနိုင်ကြောင်း၊ ယင်းတို့သည် ရထားပို့ဆောင်ရေးလုပ်ငန်း၏ ထင်ရှားသည့် အဓိကအားသာချက်များပင်ဖြစ်ကြောင်း။

ရထားသည် မော်တော်ကားနှင့်နှိုင်းယှဉ်ပါက တူညီသည့် ကုန်စည်ပမာဏနှင့် ခရီးအကွာအဝေး အတွက် လောင်စာဆီကို လေးပုံတစ်ပုံမှခြောက်ပုံတစ်ပုံအတွင်းသာ သုံးစွဲကုန်ကျကြောင်း၊ လေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုများစွာ လျော့ပါးသက်သာစေပြီး ယာဉ်ကြောကျပ်တည်းမှု ပြဿနာကိုလည်း လျော့နည်းစေကြောင်း၊ ထိုကဲ့သို့အချက်များကြောင့် နိုင်ငံအသီးသီးတွင်လည်း ရထားလုပ်ငန်း ရေရှည်ရပ်တည်ရှင်သန်နိုင်ရေးနှင့် တိုးတက်ရေးကို အလေးထားလုပ်ဆောင်နေကြသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်လည်း အခြားနိုင်ငံများနည်းတူ ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ခေတ်မီတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပြီး မိမိကိုယ်တိုင်လည်း တာဝန်ရှိသူများနှင့် မကြာခဏတွေ့ဆုံပြီး ရထားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း။

တိကျမွန်လိုက်နာဆောင်ရွက်

ရထားလမ်းများ ကြီးမိုင်ကောင်းမွန်ပြီး ချောမွေ့မှုရှိစေရေး ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိကျမွာ လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်းအင်ဂျင်နီယာပညာရှင်များကို အဓိက အားထားပြီး နည်းပညာများ တိုးတက်လာစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ အနာဂတ်တွင် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေးကို မလွဲမသွေ လုပ်ဆောင်ရမည်ဖြစ်သည့်အတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ စက်ခေါင်းနှင့်တွဲများ တည်ဆောက်ရေးကို *စာမျက်နှာ ၄ သို့*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖိုးသိန်းတို့က ရန်ကုန်မြို့ပတ်ခရီးစဉ်ပြေးဆွဲမည့် ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရန်ကုန်မြို့ပတ် ရထားလမ်းပိုင်းတွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ် လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မီးရထား စက်ခေါင်းအား အမွေးနုံသာရည်များ ပက်ဖျန်းစဉ်။

စာမျက်နှာ ၃ မှ

ပြည်တွင်း၌ပင် ထုတ်လုပ်တည်ဆောက်နိုင်ရေးနှင့် သုတေသနပြုနည်းပညာများမှတစ်ဆင့် တီထွင်ဆန်းသစ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း။

ထိုကဲ့သို့ ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးမှုများ၏ ရလဒ်အသီးအပွင့်တစ်ခုအဖြစ် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်းကို ယခုကဲ့သို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ကြောင်း။

ပြည်သူလူထုကမူးပေါင်းပါဝင်ဆောင်ရွက်

မိမိတို့အစိုးရအနေဖြင့် ယခုကဲ့သို့ မီးရထားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသကဲ့သို့ မိဘပြည်သူများအနေဖြင့်လည်း စည်းကမ်းတကျ လိုက်နာစီးနင်းပြီး ရထားလမ်းပိုင်းများနှင့် ဘူတာများ သန့်ရှင်းသပ်ရပ်ရေး ပိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မီးရထားလမ်းပန်းဆက်သွယ်ရေးလုံခြုံမှု ပိုမိုကောင်းမွန်လာစေရေးအတွက် ပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများ အနေဖြင့် ယနေ့စတင်ပြေးဆွဲသည့် ခေတ်မီ DEMU ရထားတွဲဆိုင်းများကို အသုံးပြုပြီး ရထားလမ်းနှင့် ဆက်စပ်ပစ္စည်းများ ရေရှည်တည်တံ့ အသုံးပြုပြေးဆွဲနိုင်စေရေးတို့အတွက် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့်လည်း ရထားစီးခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး လိုရာခရီးကို အဆင်ပြေစိတ်ချမ်းမြေစွာ သွားလာနိုင်ရေးနှင့် ပြည်သူကို ကောင်းမွန်သည့်ဝန်ဆောင်မှုများပေးနိုင်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ကြိုးပမ်းစွမ်းဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းဆောင်ရွက်ခြင်းနှင့် DEMU ရထားတွဲဆိုင်းအသစ်များဖြင့် ရန်ကုန်မြို့ပတ်လမ်း ပိုင်းတွင် စတင်ပြေးဆွဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားရာတွင် ယခုကဲ့သို့ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းနှင့်အတူ DEMU ရထားတွဲဆိုင်းအသစ်များ ပြေးဆွဲပေးသည့် အတွက် ရန်ကုန်မြို့တွင် နေထိုင်ကြသည့် ခရီးသွားပြည်သူများအနေဖြင့် သက်သောင့်သက်သာရှိစွာ၊ စိတ်လက်ချမ်းသာစွာဖြင့် အဆင့်မီမီလိုက်ပါစီးနင်းနိုင်တော့မည်ဖြစ်ပါကြောင်း၊ ယာဉ်ကြောကျပ်တည်းမှုများ ဖြစ်ပေါ်လျက်ရှိသည့် မိမိတို့ရန်ကုန်မြို့ကြီးအတွက် မဖြစ်မနေအသုံးပြုသင့်သည့် များစွာအကျိုးရှိသည့် ပို့ဆောင်ရေးလုပ်ငန်းတစ်ခုလည်း ဖြစ်ပါကြောင်း ပြောကြားသည်။

အထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရန်ကုန်မြို့ပတ်ရထားလမ်း ပိုင်းတွင်ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ် လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ပတ်ခရီးစဉ်ပြေးဆွဲမည့် ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များ ဖဲကြိုးဖြတ်ဖွင့်လှစ်မည့် နေရာသို့ရောက်ရှိကြရာ ကျောင်းသူလေးများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ဇဲဝင်းဦး၊ ကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မီးရထားစက်ခေါင်းအား အမွေးနုံသာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ရန်ကုန်မြို့ပတ်လက်ဝဲရစ်ခရီးစဉ်အဖြစ် ခေတ်မီ DEMU ရထားတွဲဆိုင်း စတင်ထွက်ခွာရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရန်ကုန်မြို့ပတ်လက်ဝဲရစ်ခရီးစဉ်အဖြစ် ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များဖြင့် လိုက်ပါစီးနင်းပြီး ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

လိုရာခရီးသို့စီးနင်းသွားလာနိုင်မည်

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းများအတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများကို ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဆောင်ရွက်ခဲ့ကြောင်း၊ တည်ဆောက်ရေးကာလကို ၂၀၁၇ ခုနှစ်တွင် စတင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဆောင်ရွက်ပြီးဖြစ်သည့် စီမံကိန်းလုပ်ငန်းများနှင့်အတူ စပြဲနိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့်ခေတ်မီ DEMU လေအေး စက်ပါ ရထားတွဲဆိုင်းအသစ်များအသုံးပြုပြီး မြို့ပတ် ရထားစီးခရီးသွားပြည်သူများကို ပိုမိုအဆင်ပြေကောင်းမွန်သည့် ဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ အလိုအလျောက် မီးရောင်ပြောင်းအချက်ပြနှင့် ဆက်သွယ်ရေးစနစ်များ တပ်ဆင်ပြီး ခေတ်မီရထားပြေးဆွဲမှုစနစ် ဖြစ်သည့် အတွက် ယခင်က ပြေးဆွဲမှုတစ်နာရီကိုလိုမိတာ ၄၀ နှုန်းမှ ကိုလိုမိတာ ၆၀ နှုန်းအထိ တိုးမြှင့်ပြေးဆွဲနိုင်တော့မည်ဖြစ်ကြောင်း၊ နေ့စဉ် RBE ရထားအစီး ၂၀ နှင့် DEMU ၁၅ စီး အသုံးပြုပြီး အစားထိုးပြေးဆွဲပေးသွားမည်ဖြစ်သဖြင့် ခရီးသွားပြည်သူများအနေဖြင့် မြို့ပတ်ရထားများကို ယခင်ကထက် ပိုမိုမြန်ဆန်အဆင်ပြေချောမွေ့စွာဖြင့် လိုရာခရီးသို့စီးနင်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင် များသည် မြန်မာ့မီးရထား၊ စက်ခေါင်းစက်ရုံ(အင်းစိန်) သို့ ရောက်ရှိကြရာ စက်ရုံအစည်းအဝေးခန်းမ၌ ကောင်စီဝင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအား လျှပ်စစ်ရထားပြေးဆွဲနိုင်ရေး ဆောင်ရွက်ရမည့် အခြေအနေများနှင့် ပတ်သက်၍ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး ဆောင်ရွက်မည့် အခြေအနေများနှင့် ဖြို့ပြအင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းများ၊ အချက်ပြနှင့် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများ၊ လျှပ်စစ်ရထားတွဲဆိုင်း (Electric Multiple Unit) ရရှိရေး ဆောင်ရွက်ထားမှုအစီအစဉ်များ၊ RBE (Rail Bus Engine) များအား Battery Electric Multiple Unit (BEMU) အဖြစ် ပြောင်းလဲတည်ဆောက်ရန် ဆောင်ရွက်ထားမှု၊ EMU စနစ်၊ BEMU စနစ်တို့ကို ပြောင်းလဲပြေးဆွဲနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ သုံးသပ်တင်ပြချက်များ၊ ရန်ကုန်–မန္တလေး ရထားလမ်းပိုင်းတွင် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ လျှပ်စစ်စိုင်းဆိုင်ရာ လုပ်ငန်းများ၊ မြို့ပြအင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများ၊ အချက်ပြနှင့် ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ၊ လျှပ်စစ်ရထားတွဲဆိုင်း (Electric Multiple Unit) နှင့် လျှပ်စစ်စက်ခေါင်း (Electric Locomotive) ရရှိရေးဆောင်ရွက်ထားမှုအစီအစဉ်၊ ဒီဇယ်လျှပ်စစ်စက်ခေါင်းအား Battery Electric Locomotive အဖြစ် ပြောင်းလဲတည်ဆောက်ရန် ဆောင်ရွက်ထားမှုအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဘက်ထရီစနစ် BEMUအဖြစ်ပြောင်းလဲအသုံးပြုနိုင်

ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရထားလမ်းပိုင်းများတွင် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေး ပြုပြင်ပြောင်းလဲမှုများကို မဖြစ်မနေ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အဓိကအားဖြင့် ရထားလမ်းတစ်လျှောက် ဓာတ်အားလိုင်းများတည်ဆောက်၍ လျှပ်စစ်ရထားကွန်ရက်စနစ် တည်ဆောက်ခြင်းနှင့် ဘက်ထရီဓာတ်အားပေးစနစ် သုံးတွဲဆိုင်းများနှင့် စက်ခေါင်းများကိုအသုံးပြု၍ လျှပ်စစ်ရထားကွန်ရက်စနစ်တည်ဆောက်ခြင်းဟူ၍ နှစ်မျိုးတွေ့ရှိရကြောင်း၊ ဘက်ထရီဓာတ်အားပေးစနစ်သုံး လျှပ်စစ်ရထား ကွန်ရက် တည်ဆောက်ရာတွင် မြို့ပတ်ရထားနှင့် ခရီးရထားများအတွက်ရှိပြီး RBE တွဲများကို ဘက်ထရီစနစ် BEMU အဖြစ်ပြောင်းလဲအသုံးပြုနိုင်ပြီး ခရီးဝေးရထားများအတွက်ရှိပြီး ဒီဇယ်လျှပ်စစ်

စာမျက်နှာ ၅ သို့

◆ **ရထားလမ်းပိုင်းများတွင် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေး ပြုပြင်ပြောင်းလဲမှုများကို မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်၊ ထိုသို့ဆောင်ရွက်ရာတွင် အဓိကအားဖြင့် ရထားလမ်းတစ်လျှောက် ဓာတ်အားလိုင်းများ တည်ဆောက်၍ လျှပ်စစ်ရထားကွန်ရက်စနစ် တည်ဆောက်ခြင်းနှင့် ဘက်ထရီဓာတ်အားပေးစနစ် သုံးတွဲဆိုင်းများနှင့် စက်ခေါင်းများကို အသုံးပြု၍ လျှပ်စစ်ရထားကွန်ရက်စနစ်တည်ဆောက်ခြင်းဟူ၍ နှစ်မျိုးတွေ့ရှိ**

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုံးပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များအား မြန်မာ့မီးရထား၊ စက်ခေါင်းစက်ရုံ(အင်းစိန်) အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရှင်းလင်းတင်ပြစဉ်။

စာမျက်နှာ ၄ မှ

စက်ခေါင်းအား ဘက်ထရီလျှပ်စစ်စက်ခေါင်း Battery Electric Locomotive (BEL) အဖြစ် ပြောင်းလဲအသုံးပြုနိုင်သည်ကို တွေ့ရကြောင်း၊ နည်းပညာတိုးတက်လာမှု၏ အကျိုးကျေးဇူးအရ လျှပ်စစ်ရထားကွန်ရက်စနစ်ကို လက်ရှိရထားစနစ်အတွင်း၌ပင် သက်သာထိုက်သင့်သည့် ဒွေကြေးကုန်မှုနှုန့် အချိန်တိုအတွင်း တည်ဆောက်နိုင်မည့် အလားအလာဖြစ်ကြောင်း၊ EMU စနစ်မှ BEMU စနစ် ပြောင်းလဲခြင်း၊ ဒီဇယ်လျှပ်စစ်စက်ခေါင်းအား BEL စက်ခေါင်းတွဲအဖြစ် ပြောင်းလဲတည်ဆောက်နိုင်ရေး တို့ကို ဦးစွာဆောင်ရွက်သွားရန်လိုပြီး ဘက်ပေါင်းစုံမှ စနစ်တကျတွက်ချက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒီဇယ်လျှပ်စစ် စက်ခေါင်းများသည် စက်မောင်းဆီကို အသုံးပြု၍ မောင်းနှင်ရခြင်းဖြစ်သဖြင့် စက်မောင်းဆီအတွက် ကုန်ကျစရိတ်များရှိကြောင်း၊ BEL စက်ခေါင်းတွဲများအဖြစ် ပြောင်းလဲတည်ဆောက်အသုံးပြုပါက စက်သုံးဆီအတွက် ကုန်ကျမှုမရှိတော့ကြောင်း၊ ကုန်ကျစရိတ်နည်းပါးစွာဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် အကျိုးရှိသည့် ဆောင်ရွက်ချက်ပင်ဖြစ်ကြောင်း၊ အဆိုပါ စက်ခေါင်းတွဲများသည် ဒီဇယ်လျှပ်စစ်သုံး စက်ခေါင်းများထက် ပိုမိုလျင်မြန် မြန်ဆန်လာမည်ဖြစ်သဖြင့် ဘေးအန္တရာယ်ကင်းရှင်းမှုကို ဦးစားပေးတွက်ချက် ဆောင်ရွက်သွားရန်လိုပြီး အချက်ပြနှင့် ဆက်သွယ်ရေးဆိုင်ရာများကိုလည်း စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းပိုင်းလမ်းနယ်တစ်လျှောက် ခြံစည်းရိုးများ ကာရံခြင်း၊ ရေထွက်စနစ်များ ကောင်းမွန်စေရန်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ခြင်းအားဖြင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ရမည်ဖြစ်ကြောင်း၊ ရထားတွဲများ အဆင့်မြှင့်တင်ခြင်း၊ သံလမ်းများ၊ မီးရထားလမ်း ကူးတံတားများ အဆင့်မြှင့်တင်ခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့မီးရထား၊ စက်ခေါင်းစက်ရုံ(အင်းစိန်)မှ မီးရထားဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့သည်။

နိုင်ငံတော်အနေဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးနှင့် ပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရေး လျှပ်စစ်ရထားများပြောင်းဆွဲနိုင်ရန် စဉ်ဆက်မပြတ်သုတေသနပြု ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်က ခရီးတိုပြေးဆွဲခြင်းများတွင် RBE စက်ခေါင်းများကို အသုံးပြု၍ ခရီးရှည်ပြေးဆွဲခြင်းများတွင် ဒီဇယ်စက်ခေါင်းများကို အသုံးပြုခဲ့ကြောင်း၊ လျှပ်စစ်ရထားများ ပြေးဆွဲရာတွင် ရထားလမ်းတစ်လျှောက် လျှပ်စစ်ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်အတွက် အချိန်များစွာပေးရမည်ဖြစ်ကာ ကုန်ကျစရိတ်များလည်း များပြားမည်ဖြစ်ကြောင်း၊ ယခုအခါ တိုးတက်လာသည့် နည်းပညာများနှင့်အညီ ဘက်ထရီနည်းပညာများသည်လည်း တိုးတက်လာပြီဖြစ်သဖြင့် BEMU စက်ခေါင်းများနှင့် BEL စက်ခေါင်းများကို ပြောင်းလဲအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း၊ ထိုသို့ပြောင်းလဲသုံးစွဲခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျော့ချနိုင်မည်ဖြစ်သကဲ့သို့ စွမ်းအင်များကိုလည်း ချွေတာနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်ကြောင်း၊ BEMU စက်ခေါင်းများနှင့် BEL စက်ခေါင်းများကို ပြောင်းလဲအသုံးပြုနိုင်ရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသဖြင့် မကြာမီကာလများအတွင်း၌ မိမိတို့နိုင်ငံတွင် အဆိုပါ စက်ခေါင်းများဖြင့် ရထားသယ်ယူပို့ဆောင်ရေးစနစ်ကို တွေ့မြင်ရနိုင်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညီစောက မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ တာယာစက်ရုံ(ရွာမ) လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြစဉ်။

မြန်မာနိုင်ငံတွင် ဆိုင်ကယ်အစီးရေ ၅ သန်းခန့်ရှိပြီး ပြည်တွင်းတာယာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး အမြတ်ကိုအဓိကမထားဘဲ အရေအတွက်များများဖြင့် အရည်အသွေးပြည့်မီစွာ ရောင်းချပေးနိုင်ရေး ဆောင်ရွက်သွားရမည်

နေပြည်တော် နိုဝင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ တာယာစက်ရုံ(ရွာမ) သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များမှာကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိ မော်တော်ဆိုင်ကယ်တာယာနှင့် ကျွတ်ထုတ်လုပ်သည့် အလုပ်ရုံသို့ ရောက်ရှိပြီး တာယာနှင့်ကျွတ်များ ထုတ်လုပ်နေမှု၊ တာယာအရည်အသွေးစစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညီစော၊ စက်ရုံမှူးကြီး ဦးကျော်ကျော်စိုးတို့က စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံလုပ်ငန်းဆောင်ရွက်နေမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်းလိုအပ်ချက်များသည့် မော်တော်ဆိုင်ကယ်တာယာအား တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် သုံးဘီးဆိုင်ကယ် တာယာများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်းဈေးကွက်နှင့်ပြည်ပဈေးကွက် ပို့မှုရရှိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ဆိုင်ကယ်အစီးရေ ၅ သန်းခန့်ရှိပြီး ပြည်တွင်း တာယာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး အမြတ်ကို အဓိကမထားဘဲ အရေအတွက်များများဖြင့် အရည်အသွေး ပြည့်မီစွာ ရောင်းချပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးကွက်လိုအပ်ချက်နှင့် ဈေးကွက်အတွင်း အသုံးများသည့် အမျိုးအစားများကို သိရှိအောင် ဆောင်ရွက်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက် တိုးမြှင့်ရရှိနိုင်ရေး ဈေးကွက်ရှာဖွေ ဆောင်ရွက်သွားရန် လိုကြောင်း၊ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်နိုင်မှုအပေါ် မူတည်၍ သက်သာချောင်ချိရေးနှင့် ထိုက်သင့်သည့် ချီးမြှင့်မှုများ ဆောင်ရွက်ပေးရန် လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သည့်အတွက် လယ်ယာသုံးစက်ကိရိယာများတွင် အသုံးပြုသည့် တာယာများကိုလည်း ထုတ်လုပ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်း၌ အဆင့်မြင့်ရော်ဘာများ ထုတ်လုပ်နိုင်ရေးနှင့် ရော်ဘာထုတ်ကုန် ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်း ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် တာယာစက်ရုံ (ရွာမ) မှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

အဆိုပါ တာယာစက်ရုံ (ရွာမ) မှ ထုတ်လုပ်သည့် TRI STAR တာယာများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရလျက်ရှိပြီး အရည်အသွေး ကောင်းမွန် ခိုင်ခံ့မှုများကြောင့် ပြည်ပဈေးကွက်တွင် လူကြိုက်များသည့် တာယာအမျိုးအစား အဖြစ် ရပ်တည်လျက်ရှိကြောင်း၊ သုတေသနပြု ဆန်းစစ်ချက်များအရ ပြည်ပမှ တင်သွင်းသည့် အခြားတာယာများထက် TRI STAR တာယာများသည် အရည်အသွေး ကောင်းမွန်ခိုင်ခံမှုရှိသည့်အပြင် ဈေးနှုန်းမှန်ကန်စွာဖြင့် လည်း ပြည်တွင်း၌ ဝယ်ယူသုံးစွဲနိုင်ကြောင်း သိရှိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းစိန်မြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အမှတ် (၁) စိုက်ပျိုး မွေးမြူရေးစခန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ခန်းမ၌ တိုင်းမှူးက ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးဒိုင်ခံများတွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ထွက်ရှိလာသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ကြက်ဥ၊ ဘဉ်နှင့် နွားနို့များကို အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ ၂၀၂၂ ခုနှစ်၊ မေလ အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် အမှတ်(၁) စိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီး အတွင်း ဘက်စုံ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်စေခြင်းသည် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လူဦးရေ ၇ သန်းကျော် ၈ သန်းခန့်အား အသားငါးနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်း သက်သာစွာဖြင့် ဖူလုံပေါများစွာ စားသုံးနိုင်စေရေးအထောက်အကူ ပြုစေရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများအပြင် နိုင်ငံ့ဝန်ထမ်းများအား ပြင်ပပေါက်ဈေးထက် သက်သာစွာ ရောင်းချပေးနိုင်ရမည်ဖြစ်ပြီး ပြည်သူများကိုလည်း ဈေးနှုန်း သက်သာစွာဖြင့် ရောင်းချပေးနိုင်မည်ဆိုပါက အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ကိုင်နေကြသည့် ဝင်ငွေနည်းသည့် အခြေခံလူတန်းစားများ၏ စားရေးသက်သာချောင်ချိမှု ဖြစ်စေရေးတွင် အထောက်အကူဖြစ်စေရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုတို့ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်လိုကြောင်း၊ မဖြစ်မနေ စားသုံးရမည့် အခြေခံစားကုန်များကို ဈေးနှုန်းသက်သာချောင်ချိစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး အလေးထား ဆောင်ရွက်သွားရန်လို ကြောင်း၊ အသားတိုးကြက်၊ ဥစားကြက်၊ ဥစားဘဲတို့ကို တိုးချဲ့မွေးမြူ ဆောင်ရွက်သွားရန်လို ကြောင်း၊ သွင်းအားစုနှင့် ထုတ်လုပ်မှု ကုန်ကျစရိတ်များ နည်းပါးမည်ဆိုပါက စိုက်ပျိုးမွေးမြူရေး အခြေခံစားကုန်များ ဈေးနှုန်း သက်သာစွာဖြင့် ရရှိနိုင်မည်ဖြစ်သဖြင့် တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၊ မြန်မာစီးပွားရေး ဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလိမ်ထက်တို့ ပူးပေါင်း၍ အောင်မြင်အောင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးမွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တာယာစက်ရုံ(ရွာမ) အတွင်း လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လှိုင်သာယာမြို့နယ် မှုံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေများ ရှင်းလင်းတင်ပြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် အောင်ဇေယျာတံတားနှင့် မီးခွက်ဈေး အကြားရှိ ရေမြောင်းများ ထိန်းသိမ်းပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ လမ်းတစ်လျှောက် အရိပ်ရသစ်ပင်များ စနစ်တကျ စိုက်ပျိုးထားရှိရေးနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်ပန်းခြံသို့ ရောက်ရှိရာ ပန်းခြံအတွင်း ဘက်စုံသုံး အဆောက်အဦများ၊ ပျော်ပွဲရွှင်ပွဲကျင်းပရန်နေရာများ၊ ယာဉ်ရပ်နားရန်နေရာများ၊ ကစားကွင်းများ၊ ရေကူးကန်များအပါအဝင် အများပြည်သူအပန်းဖြေရန် နေရာများ ဆောင်ရွက်လျက်ရှိမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြို့တော်ဝန် ဦးဗိုလ်ဌေးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပန်းခြံရှင်းလင်းဆောင်ခန်းမတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လှိုင်သာယာမြို့နယ်သို့ ရောက်ရှိစစ်ဆေးစဉ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် လမ်းညွှန်ချက်များအား ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဘုရင့်နောင်ပန်းခြံအတွင်း ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့မှုနှင့် ပြည်သူအများအပြား ပျော်ရွှင်စွာ လာရောက်ဆင်နွှဲခဲ့မှုများ၊ လှိုင်သာယာမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လှိုင်သာယာတိုးချဲ့ပန်းခြံ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ရေစီးရေလာကောင်းမွန်ရေး၊ ရေဝင်ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ရေကြီးရေထွက်ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်သာယာမြို့နယ် ဘုရင့်နောင်ပန်းခြံအတွင်း အများပြည်သူအပန်းဖြေရန် ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က လှိုင်သာယာမြို့နယ်သည် စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်လုပ်ကိုင်ကြသူများ အများအပြား နေထိုင်ကြသည်ဖြစ်သဖြင့် ပလက်ဖောင်းများ အဆင့်မီကောင်းမွန်ရမည်ဖြစ်ကြောင်း၊ မြို့နယ်စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်း သာယာလှပရေးတို့အတွက် စနစ်တကျစီမံကိန်းချ၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့အကွက်ချုပ်ကို စနစ်တကျဖြင့် ရေးဆွဲဖော်ဆောင်ထားသည့် မြို့ဖြစ်သဖြင့် အဆင့်မီသည့် မြို့တစ်ခုဖြစ်စေရေး ဆက်လက်အကောင်အထည်ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း၊ မြို့နေပြည်သူလူထုနှင့် ကိုက်ညီသည့် လူနေမှုပတ်ဝန်းကျင်ကို ဖော်ဆောင်ပေးရမည်ဖြစ်ပြီး

စာမျက်နှာ ၈ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ပင်မသုံးထပ်စာသင်ဆောင်အသစ် တည်ဆောက်ပြီးစီးမှုအခြေအနေ ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၇ မှ

ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ နေထိုင်သူများ ကျန်းမာရေးကောင်းမွန်စေရေး၊ သန့်ရှင်းမှုစနစ်တကျရှိစေရေး၊ ရေလုံလောက်စွာ ရရှိရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရန်လို ကြောင်း၊ အများအသုံးပြုရန် ကောင်းမွန်သည့်သုံးရေ ရရှိရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ကျန်းမာရေး ကောင်းမွန်မှသာလျှင် အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ပြည်သူလူထု ကျန်းမာရေးကောင်းမွန်မှုရှိရန် မိမိတို့အစိုးရအဖွဲ့မှ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လှိုင်းသာယာတွင် ရေစီးရေလာကောင်းမွန်ရေးသည် အဓိက ဖြေရှင်းဆောင်ရွက်ပေးရမည့်ကိစ္စတစ်ခု ဖြစ်သဖြင့် အလေးထားဆောင်ရွက်သွား ရန်လိုကြောင်း၊ တစ်မြို့နယ်လုံး အတိုင်း အတာဖြင့် ရေဝင်ရေထွက်ကောင်းမွန် ရမည်ဖြစ်ကြောင်း၊ မြို့ပြများ၌ စိမ်းလန်း စိုပြည်ရေး Green Zone ကို ဖော်ဆောင် ရာတွင် သုံးမိုင်ပတ်လည် အကွာအဝေး အတွင်း၌ Green Zone များ ဖော်ဆောင် ပေးထားရန်နှင့် အိမ်ခြံဝန်းများ လမ်းဘေး ဝဲယာများ၌လည်း သစ်ပင်များ စိုက်ပျိုး စေရေး ကြပ်မတ်ဆောင်ရွက်သွားရန် မူဝါဒ ချမှတ်ပေးထားပြီးဖြစ်သဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွား ကြရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သည် လှိုင်သာယာမြို့နယ် အကွက်ချုပ်စံ ငယ်အား ကြည့်ရှု၍ မြို့ပြဖွံ့ဖြိုးတိုးတက် ရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေ အနေများကို တာဝန်ရှိသူများအား မှာကြားသည်။

ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဒေါက်တာ ကြည်စိုးနှင့် ဆရာ၊ ဆရာမများက ကြိုဆိုနှုတ်ဆက် ကြသည်။

ယင်းနောက် တက္ကသိုလ်အတွင်း ဆောက်လုပ်လျက်ရှိသည့် ပင်မသုံးထပ် စာသင်ဆောင်အသစ်အတွင်းရှိ ခန်းမ ဆောင်အတွင်း၌ ပါမောက္ခချုပ်က တက္ကသိုလ်၏ တည်နေရာနှင့် သမိုင်း အကျဉ်း၊ ဘာသာရပ်အလိုက် ကျောင်း သား၊ ကျောင်းသူများ တက်ရောက်ပညာ သင်ကြားလျက်ရှိမှု၊ ဘာသာရပ်အလိုက် သင်ကြားရေးဝန်ထမ်းများနှင့် စီမံဝန်ထမ်း များ ခန့်အပ်ထားရှိမှု၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေ အနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံ တော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းပတ်ဝန်း ကျင် သန့်ရှင်းသာယာလှပစေရေးနှင့် ဥပမာရပ်ကောင်းမွန်ရေး ဆောင်ရွက်သွား ရန်လိုကြောင်း၊ တက္ကသိုလ်အင်္ဂါရပ်နှင့် ပြည့်မီစေရေးအတွက် တိုးချဲ့စာသင်ဆောင် များနှင့် ခန်းမများ၊ အခြားအထောက်အကူ ပြုအဆောင်များ တည်ဆောက်ရာတွင် အသေးစိတ်ကအစ ထည့်သွင်းတွက်ချက် စဉ်းစားကာ ရေရှည်ကိုကြည့်၍ ဆောင် ရွက်ရန်လိုကြောင်း၊ ကျောင်းဝင်းအတွင်း သစ်ပင်ပန်းမန်များစိုက်ပျိုးခြင်း၊ လူသွား လမ်းများ၊ အားကစားပြုလုပ်ရာနေရာ များနှင့် အပန်းဖြေနေရာများ ဆောင်ရွက် ရာ၌ ကျောင်းသားဦးရေအချိုးနှင့် ကိုက်ညီ သည့် အကျယ်အဝန်းများနှင့် အကွာ အဝေးများဖြစ်စေရေး စဉ်းစားဆောင်ရွက် သွားရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သည် ပင်မသုံးထပ်စာသင်ဆောင်အသစ် တည်ဆောက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိ သူများ၏ တင်ပြချက်များအပေါ် လိုအပ် သည်များ မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။

သတင်းစဉ်

❍ *ကျောဖုံးမှ*

အခမ်းအနားကျင်းပရေးဦးဆောင် ကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ စီးပွားရေးပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ UMFCCI နှင့် ညီနောင်အသင်းများ၊ စီးပွားရေးဆိုင်ရာ တက္ကသိုလ် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားဟောင်းများ၊ စာတမ်း ရှင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ် မှူးကြီး စိုးဝင်းက ဂုဏ်ပြုအမှာ စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းထံ ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာနိုင်ငံ "စီးပွားရေးပညာနှစ် (၁၀၀)" ရာပြည့် အထိမ်းအမှတ် လက်ဆောင်ကို လက်ဝယ်အရောက် ပေးအပ်သည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ရန်ကုန်၊ မုံရွာနှင့် မိတ္ထီလာစီးပွားရေး တက္ကသိုလ်များမှ ပါမောက္ခချုပ် များနှင့် အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး တို့ကို မြန်မာနိုင်ငံ "စီးပွားရေး ပညာနှစ် (၁၀၀)" ရာပြည့်အထိမ်း အမှတ် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီး တို့သည် အခမ်းအနားသို့ တက် ရောက်လာကြသူများနှင့် အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ သုံးဆောင်နေစဉ် အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန တို့မှ အနုပညာရှင်များ၊ စီးပွားရေး တက္ကသိုလ်များမှ ကျောင်းသား ဟောင်းများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများက တေးသံသာများ၊ အကအလှများ ဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေ ကြသည်။

ဂုဏ်ပြု ညစာစားပွဲအပြီး တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်သည် ဖျော်ဖြေ တင်ဆက်ခဲ့ကြသည့် အနုပညာရှင် များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီး တို့သည် အခမ်းအနားသို့ တက် ရောက်လာကြသူများအား ရင်းရင်း နှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အခမ်းအနားတက်ရောက်လာကြသူများ တေးသံသာများ၊ အကအလှများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် ITAR-TASS သတင်းဌာန၏ ထိုင်းနိုင်ငံဌာနခွဲအကြီးအကဲ Mr. Igor Brovarnik ကို လက်ခံတွေ့ဆုံ၊ ရုပ်သံအင်တာဗျူးဖြေကြား

နေပြည်တော် နိုဝင်ဘာ ၂၉

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် သတင်းဌာနဖြစ်သည့် ITAR-TASS သတင်းဌာန၏ ထိုင်းနိုင်ငံဌာနခွဲ အကြီးအကဲ Mr. Igor Brovarnik ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာနခွဲ လက်ခံတွေ့ဆုံ၍ ရုပ်သံအင်တာဗျူးဖြေကြားသည်။

ထိုသို့ ရုပ်သံအင်တာဗျူးပြုလုပ်ရာတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒအဆင့်ဆင့် ပြောင်းလဲလာမှု၊ မြန်မာ – ရုရှားနှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်မှုများ၊ BRICS အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု အလားအလာ၊ ခေတ်သစ်ကမ္ဘာ့အခြေအနေတွင် မြန်မာနိုင်ငံ၏ ပထဝီ နိုင်ငံရေးရည်မှန်းချက်၊ အနောက်နိုင်ငံများ၏ တစ်ဖက်သတ်ပိတ်ဆို့ ကန့်သတ်မှုများ၏ သက်ရောက်မှုများကို လျော့ပါးစေရေးနည်းလမ်းများ ကျင့်သုံးနေမှု၊ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ၊ မြန်မာနိုင်ငံအမျိုးသား ပြန်လည်ရင်ကြားစေ့ရေး အောင်မြင်မှုရရှိရန် ဆောင်ရွက်နေမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်

နေပြည်တော် နိုဝင်ဘာ ၂၉ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေး တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။

မိုး/ဇလ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ် (၁၀၀)” ရာပြည့် အထိမ်းအမှတ် ဒုတိယနေ့စာတမ်းဖတ်ပွဲများနှင့် Plenary Session တက်ရောက်အားပေး

နေပြည်တော် နိုဝင်ဘာ ၂၉ မြန်မာနိုင်ငံ **“စီးပွားရေးပညာနှစ် (၁၀၀)”** ရာပြည့်အထိမ်းအမှတ် ဒုတိယနေ့ စာတမ်းဖတ်ပွဲများကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ MICC II ၌ ယနေ့နံနက်ပိုင်းတွင် Parallel Session သုံးခုဖြင့်ကျင်းပပြီး ပွန်းလွဲပိုင်းတွင် Plenary Session ကို ဆက်လက်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးတို့ တက်ရောက်အားပေးကြသည်။

စာတမ်းဖတ်ပွဲ Parallel Session IV တွင် **လယ်ယာကဏ္ဍ ထုတ်လုပ်မှုနှင့် စားရေရိက္စာ ဖူလုံကြွယ်ဝမှု** ခေါင်းစဉ်၏အောက်တွင် စာတမ်းရှင်ခုနစ်ဦးတို့က ရာသီဥတုဒဏ် ကြံ့ကြံ့ခံနိုင်ရေးနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို မြှင့်တင်ခြင်းဖြင့် စားရေရိက္စာဖူလုံစေရေး၊ မြန်မာနိုင်ငံ ဆန်စပါးထုတ်လုပ်မှုနှင့် စားသုံးမှုကို ပထဝီဝင်ရှုထောင့်မှ လေ့လာခြင်းနှင့် ၂၀၅၀ ပြည့်နှစ်အတွက် ဆန်ဖူလုံမှု အလားအလာ၊ စားရေရိက္စာထုတ်လုပ်မှု၊ ဖူလုံမှုနှင့် စိန်ခေါ်မှုအခက်အခဲများနှင့် အခွင့်အလမ်းများ၊ ရာသီဥတုဖောက်ပြန်မှုကို တုံ့ပြန်ရန်နှင့် စားနပ်ရိက္စာဖူလုံမှုအတွက် စပ်မျိုးစပါးလက်ခံကျင့်သုံးမှုနှင့် အလားအလာများ၊ စစ်ကိုင်းခရိုင်အတွင်း မြေပဲ၊ နှမ်း၊ နေကြာ စိုက်ပျိုးထုတ်လုပ်မှုနှင့် စားသုံးဆီဖူလုံမှု အခြေအနေကို လေ့လာဆန်းစစ်ခြင်း (၂၀၁၈-၂၀၁၉ ခုနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အထိ)၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ စီမံငွေးရေးတွက်ခြေကိုက်ပြီး ကောက်ပဲသီးနှံများ အထွက်နှုန်းကောင်းမွန်စေရန် Plasma နည်းပညာအကူအညီဖြင့် ဆောင်ရွက်ခြင်း၊ မြန်မာ့ပဲမျိုးစုံ ထုတ်လုပ်မှုနှင့်တင်ပို့မှုအား လေ့လာဆန်းစစ်ခြင်း ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်က သဘာပတိအဖြစ်ဆောင်ရွက်သည်။

Parallel Session V တွင် **အသေးစား၊ အငယ်စား၊ နှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံဖွံ့ဖြိုးမှု** ခေါင်းစဉ်၏အောက်တွင် စာတမ်းရှင်ကိုးဦးတို့က နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် အသေး၊ ပါသော ပြည်တွင်းအသေးစား ကုန်ထုတ်လုပ်ငန်းများ၏ အခြေအနေအား လေ့လာခြင်း၊ မြန်မာအစိုးရ၏ ချေးငွေထောက်ပံ့မှုအစီအစဉ်များနှင့် မြန်မာ MSMEs များ၏ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် သက်ရောက်မှုများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် စက်မှုဇုန်များ၏ အခန်းကဏ္ဍ၊ မြန်မာ့ MSME စွမ်းအားဖြင့် နိုင်ငံ့ဘဏ္ဍာတိုးမြှင့်ရေး၊ MSME နှင့် နိုင်ငံဖွံ့ဖြိုးဖို့ ခေတ်မီနည်းစနစ်ဖြင့် အားလုံးပူးပေါင်းလုပ်ကြစို့၊ မြန်မာနိုင်ငံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ကြုံတွေ့နေရသော စိန်ခေါ်မှုအခက်အခဲများနှင့် အနာဂတ် အလားအလာအား လေ့လာဆန်းစစ်ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အသေးစားနှင့် အလတ်စား စားသောက်ကုန်လုပ်ငန်းများ၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို လေ့လာခြင်း၊ မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းရှင်များ၏ Soft Skills ကို လေ့လာခြင်း၊ စားသောက်ကုန်လုပ်ငန်းကဏ္ဍမှတစ်ဆင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အသုံးပြု၍ ပြည်တွင်းစီးပွားရေး မြင့်မားလာစေရန် မူဝါဒအကြံပြုတင်ပြချက် စာတမ်းခေါင်းစဉ်တို့ဖြင့် ဆွေးနွေးရာ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရင်မောင်ညွှန့်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

Parallel Session VI တွင် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍ ခေါင်းစဉ်၏ အောက်တွင် စာတမ်းရှင် ၁၀ ဦးတို့က နိုင်ငံစီးပွားရေးအား ရင်းနှီးမြှုပ်နှံမှု ရှုထောင့်မှလေ့လာခြင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအပေါ် သက်ရောက်မှုနှင့် ပို့ကုန်ကဏ္ဍ မြှင့်တင်ရေးအတွက် ဆောင်ရွက် သင့်သည်များကို လေ့လာခြင်း (၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ) မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ခရီးသွားလုပ်ငန်း၏ အထောက်အကူပြုနိုင်မှုများကို လေ့လာဆန်းစစ်ခြင်း၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများ၊ ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်း နယ်ပယ်အတွင်း Digital နည်းပညာ ပါဝင်ကျယ်ပြန့်လာခြင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာနှင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှု၊ သီလဝါစက်မှုဇုန်ရှိ ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ကျေနပ်မှုကို လေ့လာဆန်းစစ်ခြင်း၊ မြန်မာနိုင်ငံအာမခံကဏ္ဍ၏ အခွင့်အလမ်းကောင်းများနှင့် စိန်ခေါ်မှုများ၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း အသစ်များနှင့် အလားအလာများ၊ မြန်မာ့ခရီးသွား လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလားအလာကိုလေ့လာခြင်း ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးရာ စီးပွားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။

မွန်းလွဲပိုင်းတွင် **“စီးပွားရေးပညာနှစ် (၁၀၀)”** ရာပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲ၏ Plenary Session အခမ်းအနားကို ဆက်လက်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်က Moderator အဖြစ်ဆောင်ရွက်ပြီး Parallel Session I ၏ သဘာပတိ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင် တင့်က စာတမ်း ရှစ်ခုမှ ရရှိသော မူဝါဒဆိုင်ရာ ကောက်နုတ်ချက် ရှစ်ချက်ကိုလည်းကောင်း၊ Parallel Session II ၏ သဘာပတိ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က စာတမ်း ၁၁ စောင်မှရရှိသော မူဝါဒဆိုင်ရာအကြံပြုချက် ၁၂ ချက်ကိုလည်းကောင်း၊ Parallel Session III ၏ သဘာပတိဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက စာတမ်း ခုနစ်စောင်မှရရှိသော မူဝါဒဆိုင်ရာအကြံပြုချက် ၂၁ ချက်ကို လည်းကောင်း၊ Parallel Session IV ၏ သဘာပတိ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စာတမ်း ခုနစ်စောင်မှရရှိသော မူဝါဒဆိုင်ရာကောက်နုတ်ချက် ၁၁ ချက်ကို လည်းကောင်း၊ Parallel Session V ၏ သဘာပတိ ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်က စာတမ်းကိုးစောင်မှရရှိသော မူဝါဒဆိုင်ရာ အကြံပြုချက် ၁၀ ချက်ကိုလည်းကောင်း၊ Parallel Session VI ၏ သဘာပတိ ဒုတိယဝန်ကြီး ဦးမင်းမင်းက စာတမ်း ၁၀ စောင်မှရရှိသော မူဝါဒဆိုင်ရာ အကြံပြုချက် ၆၀ ကို လည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။ အဆိုပါ Plenary Session မှရရှိလာသည့် ဆွေးနွေးတင်ပြချက်များကို ကောက်နုတ်ပြီး မူဝါဒဆိုင်ရာ အကြံပြုချက်များ အဖြစ်စုစည်း၍ နိုင်ငံတော်သို့ တင်ပြ ဆောင်ရွက်သွားမည် ဖြစ်သည်။

မြန်မာနိုင်ငံ **“စီးပွားရေးပညာနှစ် (၁၀၀)”** ရာပြည့် အခမ်းအနားသို့ တက်ရောက်လာကြသော ကန်တော့ခံ ဆရာကြီး ဆရာမကြီးများသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးနှင့် ဥပါတသန္တိဘုရားများသို့ သွားရောက်ဖူးမြော်ခြင်း၊ ဆင်ဖြူတော်များ သွားရောက်ကြည့်ရှုခြင်း၊ အမျိုးသားပြတိုက်နှင့် မော်ကွန်းတိုက်များသို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗို ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေး မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၉ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်း ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်သည့် စီအယ်လ်အမ်ဗို (CLMV)နှင့် အက်ဆီမက် (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများအစည်းအဝေးများကို နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗို ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အလှည့်ကျအိမ်ရှင်နှင့် အစည်းအဝေးဥက္ကဋ္ဌအဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးတို့ တက်ရောက်အားပေးကြသည်။

စာတမ်းဖတ်ပွဲ Parallel Session IV တွင် **လယ်ယာကဏ္ဍ ထုတ်လုပ်မှုနှင့် စားရေရိက္စာ ဖူလုံကြွယ်ဝမှု** ခေါင်းစဉ်၏အောက်တွင် စာတမ်းရှင်ခုနစ်ဦးတို့က ရာသီဥတုဒဏ် ကြံ့ကြံ့ခံနိုင်ရေးနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို မြှင့်တင်ခြင်းဖြင့် စားရေရိက္စာဖူလုံစေရေး၊ မြန်မာနိုင်ငံ ဆန်စပါးထုတ်လုပ်မှုနှင့် စားသုံးမှုကို ပထဝီဝင်ရှုထောင့်မှ လေ့လာခြင်းနှင့် ၂၀၅၀ ပြည့်နှစ်အတွက် ဆန်ဖူလုံမှု အလားအလာ၊ စားရေရိက္စာထုတ်လုပ်မှု၊ ဖူလုံမှုနှင့် စိန်ခေါ်မှုအခက်အခဲများနှင့် အခွင့်အလမ်းများ၊ ရာသီဥတုဖောက်ပြန်မှုကို တုံ့ပြန်ရန်နှင့် စားနပ်ရိက္စာဖူလုံမှုအတွက် စပ်မျိုးစပါးလက်ခံကျင့်သုံးမှုနှင့် အလားအလာများ၊ စစ်ကိုင်းခရိုင်အတွင်း မြေပဲ၊ နှမ်း၊ နေကြာ စိုက်ပျိုးထုတ်လုပ်မှုနှင့် စားသုံးဆီဖူလုံမှု အခြေအနေကို လေ့လာဆန်းစစ်ခြင်း (၂၀၁၈-၂၀၁၉ ခုနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အထိ)၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ စီမံငွေးရေးတွက်ခြေကိုက်ပြီး ကောက်ပဲသီးနှံများ အထွက်နှုန်းကောင်းမွန်စေရန် Plasma နည်းပညာအကူအညီဖြင့် ဆောင်ရွက်ခြင်း၊ မြန်မာ့ပဲမျိုးစုံ ထုတ်လုပ်မှုနှင့်တင်ပို့မှုအား လေ့လာဆန်းစစ်ခြင်း ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်က သဘာပတိအဖြစ်ဆောင်ရွက်သည်။

Parallel Session V တွင် **အသေးစား၊ အငယ်စား၊ နှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံဖွံ့ဖြိုးမှု** ခေါင်းစဉ်၏အောက်တွင် စာတမ်းရှင်ကိုးဦးတို့က နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် အသေး၊ ပါသော ပြည်တွင်းအသေးစား ကုန်ထုတ်လုပ်ငန်းများ၏ အခြေအနေအား လေ့လာခြင်း၊ မြန်မာအစိုးရ၏ ချေးငွေထောက်ပံ့မှုအစီအစဉ်များနှင့် မြန်မာ MSMEs များ၏ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် သက်ရောက်မှုများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် စက်မှုဇုန်များ၏ အခန်းကဏ္ဍ၊ မြန်မာ့ MSME စွမ်းအားဖြင့် နိုင်ငံ့ဘဏ္ဍာတိုးမြှင့်ရေး၊ MSME နှင့် နိုင်ငံဖွံ့ဖြိုးဖို့ ခေတ်မီနည်းစနစ်ဖြင့် အားလုံးပူးပေါင်းလုပ်ကြစို့၊ မြန်မာနိုင်ငံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ကြုံတွေ့နေရသော စိန်ခေါ်မှုအခက်အခဲများနှင့် အနာဂတ် အလားအလာအား လေ့လာဆန်းစစ်ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အသေးစားနှင့် အလတ်စား စားသောက်ကုန်လုပ်ငန်းများ၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို လေ့လာခြင်း၊ မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းရှင်များ၏ Soft Skills ကို လေ့လာခြင်း၊ စားသောက်ကုန်လုပ်ငန်းကဏ္ဍမှတစ်ဆင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အသုံးပြု၍ ပြည်တွင်းစီးပွားရေး မြင့်မားလာစေရန် မူဝါဒအကြံပြုတင်ပြချက် စာတမ်းခေါင်းစဉ်တို့ဖြင့် ဆွေးနွေးရာ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရင်မောင်ညွှန့်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

Parallel Session VI တွင် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍ ခေါင်းစဉ်၏ အောက်တွင် စာတမ်းရှင် ၁၀ ဦးတို့က နိုင်ငံစီးပွားရေးအား ရင်းနှီးမြှုပ်နှံမှု ရှုထောင့်မှလေ့လာခြင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအပေါ် သက်ရောက်မှုနှင့် ပို့ကုန်ကဏ္ဍ မြှင့်တင်ရေးအတွက် ဆောင်ရွက် သင့်သည်များကို လေ့လာခြင်း (၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ) မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ခရီးသွားလုပ်ငန်း၏ အထောက်အကူပြုနိုင်မှုများကို လေ့လာဆန်းစစ်ခြင်း၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများ၊ ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်း နယ်ပယ်အတွင်း Digital နည်းပညာ ပါဝင်ကျယ်ပြန့်လာခြင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာနှင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှု၊ သီလဝါစက်မှုဇုန်ရှိ ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ကျေနပ်မှုကို လေ့လာဆန်းစစ်ခြင်း၊ မြန်မာနိုင်ငံအာမခံကဏ္ဍ၏ အခွင့်အလမ်းကောင်းများနှင့် စိန်ခေါ်မှုများ၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း အသစ်များနှင့် အလားအလာများ၊ မြန်မာ့ခရီးသွား လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလားအလာကိုလေ့လာခြင်း ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးရာ စီးပွားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။

မွန်းလွဲပိုင်းတွင် **“စီးပွားရေးပညာနှစ် (၁၀၀)”** ရာပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲ၏ Plenary Session အခမ်းအနားကို ဆက်လက်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်က Moderator အဖြစ်ဆောင်ရွက်ပြီး Parallel Session I ၏ သဘာပတိ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင် တင့်က စာတမ်း ရှစ်ခုမှ ရရှိသော မူဝါဒဆိုင်ရာ ကောက်နုတ်ချက် ရှစ်ချက်ကိုလည်းကောင်း၊ Parallel Session II ၏ သဘာပတိ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က စာတမ်း ၁၁ စောင်မှရရှိသော မူဝါဒဆိုင်ရာအကြံပြုချက် ၁၂ ချက်ကိုလည်းကောင်း၊ Parallel Session III ၏ သဘာပတိဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက စာတမ်း ခုနစ်စောင်မှရရှိသော မူဝါဒဆိုင်ရာအကြံပြုချက် ၂၁ ချက်ကို လည်းကောင်း၊ Parallel Session IV ၏ သဘာပတိ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စာတမ်း ခုနစ်စောင်မှရရှိသော မူဝါဒဆိုင်ရာကောက်နုတ်ချက် ၁၁ ချက်ကိုလည်းကောင်း၊ Parallel Session V ၏ သဘာပတိ ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်က စာတမ်းကိုးစောင်မှရရှိသော မူဝါဒဆိုင်ရာ အကြံပြုချက် ၁၀ ချက်ကိုလည်းကောင်း၊ Parallel Session VI ၏ သဘာပတိ ဒုတိယဝန်ကြီး ဦးမင်းမင်းက စာတမ်း ၁၀ စောင်မှရရှိသော မူဝါဒဆိုင်ရာ အကြံပြုချက် ၆၀ ကို လည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။ အဆိုပါ Plenary Session မှရရှိလာသည့် ဆွေးနွေးတင်ပြချက်များကို ကောက်နုတ်ပြီး မူဝါဒဆိုင်ရာ အကြံပြုချက်များ အဖြစ်စုစည်း၍ နိုင်ငံတော်သို့ တင်ပြ ဆောင်ရွက်သွားမည် ဖြစ်သည်။

မြန်မာနိုင်ငံ **“စီးပွားရေးပညာနှစ် (၁၀၀)”** ရာပြည့် အခမ်းအနားသို့ တက်ရောက်လာကြသော ကန်တော့ခံ ဆရာကြီး ဆရာမကြီးများသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးနှင့် ဥပါတသန္တိဘုရားများသို့ သွားရောက်ဖူးမြော်ခြင်း၊ ဆင်ဖြူတော်များ သွားရောက်ကြည့်ရှုခြင်း၊ အမျိုးသားပြတိုက်နှင့် မော်ကွန်းတိုက်များသို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ဆောင်ရွက်ပြီး အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ဒေသတွင်း ခရီးသွားလာရေး လွယ်ကူ ချောမွေ့စေရေးနှင့် ပြည်ဝင် လုပ်ထုံးလုပ်နည်းများ ရှင်းလင်းလွယ်ကူစေရေး၊ ဒေသတွင်း ခရီးသွားနေရာများ ချိတ် ဆက်ဆောင်ရွက်ရေး၊ အလှမ်းဝေးသော ခရီးသွားစျေးကွက်များမှ တိုက်ရိုက်လေကြောင်း ခရီးစဉ်များ တိုးချဲ့ပျံသန်းမှုများ မြှင့်တင်ရေး၊ ကိုဗစ်-၁၉ကပ်ရောဂါအလွန် ဒေသတွင်း ခရီးသွားလုပ်ငန်းများကို ပြန်လည်အသက်ဝင်လာစေရန် အတူတကွပူးပေါင်း ဆောင်ရွက်ရေး၊ စီအယ်လ်အမ်ဗို နိုင်ငံများသို့ မိဒီယာနှင့် ပုဂ္ဂလိက ကဏ္ဍများအတွက် ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်များ စီစဉ်ရေး၊ စီအယ်လ်အမ်ဗို ခရီးသွားလုပ်ငန်း website သို့မဟုတ် သတင်းအချက်အလက် ဒေတာဘေ့စ်များ တည်ထောင်ရေး၊ နိုင်ငံတကာ ခရီးသွားပွဲများ ကျင်းပခြင်းနှင့် ပူးပေါင်းပြသခြင်းစသည့် ပူးတွဲ ခရီးသွားလုပ်ငန်း မြှင့်တင်ခြင်း များ ဆောင်ရွက်ရေး၊ လူမှုရေး မိဒီယာ ပလက်ဖောင်းများမှ တစ်ဆင့် ကုန်ကျစရိတ်သက်သာသော ပူးတွဲခရီးစဉ်များ ဖော်ထုတ်ရေးနှင့် မြှင့်တင်ရေးကမ်ပိန်းများ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးအတည်ပြုကြသည်။

ထို့ပြင် စီအယ်လ်အမ်ဗိုခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် ၂၀၂၃-၂၀၂၅ အရ အဖွဲ့ဝင်နိုင်ငံများမှ ဒေသတွင်း ခရီးသွားလာရေး လွယ်ကူချောမွေ့စေရေးနှင့် ဗီဇာများဖြေလျှော့ပေးရေး၊ ဒေသတွင်းခရီးသွားပြပွဲများ ကျင်းပပြုလုပ်မှုနှင့် အဖွဲ့ဝင်နိုင်ငံများမှ ပါဝင်ပြသမှုအခြေအနေ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း ဆောင်ရွက်နေမှု အခြေအနေ၊ ဒေသတွင်း ခရီးသွားလုပ်ငန်းများ ပို့မို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ စီအယ်လ်အမ်ဗိုခရီးသွားလုပ်ငန်း ပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ်ကို ၂၀၂၅-၂၀၂၆ အဖြစ် သက်တမ်းတိုးပြင်ဆင်မှုနှင့် (၈)ကြိမ်မြောက် စီအယ်လ်အမ်ဗို ခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေးကို ဗီယက်နမ်နိုင်ငံမှ အလှည့်ကျ ဥက္ကဋ္ဌအဖြစ်ဝိတာဝန်ယူဆောင်ရွက်သွားမည့် အခြေအနေတို့ကို အတည်ပြုခဲ့ကြသည်။

အစည်းအဝေး အပြီးတွင် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗို ခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေး၏ သတင်းစာရှင်းလင်းပွဲကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့မှု၊ ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပူးတွဲသတင်းထုတ်ပြန်ချက် ထုတ်ပြန်နိုင်ခဲ့မှုတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် ရန်ကုန်မြို့ အခြေစိုက် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပန်းသဇင်နှင့် လနတ်တော်၏ စာဆိုသဘင်ပွဲ

လွန်းပိုးအိမ်

ချမ်းမြရတု၊ ဓနရာသီ ရောက်ပြီဝန်းကျင်၊ ဂမုန်းအင်နှင့် သဇင်ပွင့်ပေါ်၊ လနတ်တော်။

ဆီသည်ရွှာစားဦးအောင်ကြီး

"နတ်တော်လ" ကဗျာလေးသည် မြန်မာတို့၏ ရာသီနှင့် အဆိုပါလတွင် ဖူးပွင့်သော ပန်းတို့၏ နိမိတ်ပုံကို ဖော်ညွှန်းလျက်ရှိပါသည်။ ဓနုရာသီ နတ်တော်လ၏ ချမ်းမြသော ဟေမန္တ ဆောင်းရာသီအောက်တွင် ဆီးနှင်းလေးများ တဖျောက်ဖျောက် ကျဆင်းလျက်ရှိပြီး နံနက်ခင်းနေခြည်အောက်တွင် နှင်းနုရည်သောက်သုံးထားသည့် ဂမုန်းပန်းနှင့် သဇင်ပန်းကလေးများက ဝင့်ဝင့်ကြွားကြွား ဖူးပွင့်နေကြသည်မှာ နတ်တော်လ၏ အလှပန်းချီကို ဆေးရေးခြယ်သလျက်ရှိပါသည်။ နတ်တော်လသည် ဆောင်းဝင်စအချိန်ဖြစ်သည်။ ဟေမာန်ဦး၏ နိမိတ်ပုံဖြစ်သည့် ငွေနှင်းမှုန်မှုန်တို့ကို စတင်တွေ့ရှိရလေသည်။ မိုးနှောင်း၍ ဆောင်းပြောင်းပြီဆိုလျှင် ဝဋ္ဌာခွင်တိုင်းတွင် မြူခြည်ဆိုင်းစပြုလေသည်။

သဇင်ပွင့်ပေါ် လနတ်တော်

မြန်မာ့ဆယ့်နှစ်လ ရာသီတွင် နတ်တော်လသည် နဝမမြောက်သော လဖြစ်သည်။ နတ်တော်လတွင် မဟာပိန္နဲနတ်၊ မင်းမဟာဂီရိမောင်နှမ စသည့် နတ်များကို ပူဇော်ရသည်ကို အကြောင်းပြု၍ နတ်တော်လဟု ခေါ်ဆိုခြင်းဖြစ်သည်ဟု အဆိုရှိပါသည်။ နတ်တော်လ၏ မိုးကောင်းကင် အခြေအနေကို **"နတ်တော် ရောက်ငြား၊ မိုးသားမငြိမ်၊ ဆင် ရာတိမ်"** ဟု ဆိုစမှတ်ပြုကြပါသည်။ ရှေးစာဆိုတို့က နတ်တော်လ၏ အလှပန်းချီများကို စာသီရာ၌ **"နတ်ပန်းဝေမြိုင်၊ သဇင်လှိုင်"** ဟု လည်းကောင်း၊ **"သဇင်ရွှေပွင့်၊ လျှပ်ရောင်ပင့်သို့၊ လှုတင့်စိမ်းထွေး၊ လှပန်းမွှေးကို၊ မနှေးလျင်မြန်၊ မိန့်တော်ပြန်လျက်၊ မျက်မှန်ကျောက်စုံ၊ ရွှေနန်းဘုံသို့၊ ဖူးငုံပေါ်၊ တင်ဆက်သသည်၊ နောက်မှ ပြည်သူ၊ သုံးယူပန်ဆင်"** ဟူ၍လည်း ကောင်း၊ ရှေးစာဆို ဦးအောင်ကြီး၏ ဆယ့်နှစ်လရာသီ လူးတားတွင် **"သဇင်ပွင့်ပေါ်၊ လနတ်တော်ကား၊ ပူဇော်ကြီးစွာ၊ မင်းဆရာတို့၊ မဟာပိန္နဲ၊ ရွှေညကြည်ငင်"** ဟူ၍လည်းကောင်း ရေးဖွဲ့စပ်ဆိုထားပါသည်။

နတ်တော်လနှင့် ကျင်းပခဲ့သည့်ပွဲများ

ရှေးခေတ်အချိန်များတွင် ယခုလ၏ ရာသီပွဲတော်မှာ နတ်ပူဇော်ခြင်းပွဲတော် ဖြစ်ပြီး ယင်းခရေ့မှာ ၁၈၈၅ ခုနှစ်တွင် ကွယ်ပျောက်ခဲ့ပါသည်။ ၁၉၉၄ ခုနှစ်တွင် ထူးခြားသော ပွဲတော်တစ်ခုပေါ်ပေါက်ခဲ့ပြီး ယင်းမှာ စာပေအား ဂုဏ်ပြုသည့် စာဆိုတော်ပွဲဖြစ်ပါသည်။ စာဆိုတော်ဟူသော ဝေါဟာရသည် ရှေးအခါက ကဗျာပညာရှင်၊ ကဗျာနှင့် ခွဲခြားမရဖြစ်ခဲ့သည်။ ကဗျာတတ်သူကို ကဝိ၊ ကဝိကို စာဆိုဟုကင်ပွန်းတပ်ပြီး မြန်မာ့စာပေသမိုင်းတွင် ကုန်းဘောင်ခေတ်မှ အလွန်ထင်ရှားကျော်စောသည့် စာရေးဆရာ၊ ပြဇာတ်ရေးဆရာ ဦးပုညအား ဂုဏ်ပြုသည့် နေ့တစ်နေ့ သတ်မှတ်ထားခဲ့ပြီး နတ်တော်လအတွင်း နှစ်စဉ်ကျင်းပလေ့ရှိခဲ့ပါသည်။

ထို့နောက် နိုင်ငံဝန်ထမ်း အရာထမ်း၊ အမှုထမ်းများအနက် လက်ရုံးရည်၊ နှလုံးရည်နှင့် ထူးချွန်ထက်မြက်သူများကို နတ်တော်လ၌အခမ်းအနားဖြင့် အဆောင်အယောင်များ ချီးမြှင့်ပေးအပ်လေ့ရှိသည်။ ထိုသဘင်ပွဲမှာ မြွောက်စားသင့်သည်ကို မြွောက်စားခြင်းဖြစ်ပြီး လူတော်၊ လူကောင်းများ တိုးတက်လာအောင် လမ်းခင်းပေးခြင်းမျိုးလည်း ဖြစ်ပါသည်။

မုန့်ဆမ်းရလာသောအခါ အုန်းသီးသကြားတို့ဖြင့် မုန့်ပြုလုပ်ကာ မြတ်စွာဘုရားနှင့်တကွ သံဃာတော်များအား လောင်းလှူခြင်းဖြင့် ဆွမ်းဦးဘဲနဲပြုကြပါသည်။ ထိုမွန်သာမက ရပ်ကွက်အတွင်းရှိ အိမ်နီးချင်းများအား ဝေဌခြင်းဖြင့်လည်း ဦးဦးဖျားဖျားရလာသော ကောက်သစ်စားပွဲအလှူကို စေတနာထက်သန်စွာ ပေးလှူကြခြင်းဖြင့် ချစ်စရာမြန်မာ့ဓလေ့ အစဉ်အလာကို ဖော်ညွှန်းပြသနေပါသည်။

စာဆိုတော်ကြီးများအား ဂုဏ်ပြုသည့်ပွဲ

နတ်တော်လ၏ ရာသီပွဲတော်မှာ စာဆိုတော်ပွဲဖြစ်သည်။ ရှေးမြန်မာမင်းများလက်ထက်၌ မြန်မာစာဆိုပညာရှင်ကြီးများအား ဘွဲ့တံဆိပ်များ၊ ဆုလာဘ်များ ချီးမြှင့်ဂုဏ်ပြုခဲ့သည့် အစဉ်အလာရှိသည့်အတိုင်း ထိုချီးမြှင့်သည့် အခမ်းအနားကျင်းပသည့် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြပါသည်။ ပထမအကြိမ် စာဆိုတော်နေ့ကို မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက် ညနေပိုင်း၌ ရန်ကုန်မြို့ကန်တော်ကြီးစောင်းရှိ မြိုင်ပြဇာတ်ရုံတွင် တခမ်းတနားကျင်းပခဲ့ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၏ ဦးဆောင်မှုဖြင့် စာဆိုတော်နေ့အထိမ်းအမှတ်ပွဲများကို ၁၃၀၆ ခုနှစ်က စတင်၍ ကျင်းပလာခဲ့သည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်ပါသည်။ ယနေ့ခေတ်တွင် စာဆိုတော်နေ့အခမ်းအနား၌ စာပေဗိမာန်ဆု၊ အမျိုးသားစာပေဆုရ ထူးချွန်သည့် စာပေပညာရှင်များကို ဆုများ ပေးအပ်ချီးမြှင့်ခြင်းနှင့်အတူ သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ တခမ်းတနား ကျင်းပပေးလျက်ရှိ၊ ထို့အပြင် နိုင်ငံတစ်ဝန်း စာပေဟောပြောပွဲများကိုလည်း မြို့ရွာအနှံ့ ကျင်းပကာ ရှေးအခါကတည်းက ရှိနေခဲ့သော မြန်မာ့ဓလေ့ အစဉ်အလာကောင်းများကို ထိန်းသိမ်းဖော်ထုတ်လျက်ရှိသည်မှာ နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဖွယ်ရာပင် ဖြစ်ပါသည်။

ယခု မျက်မှောက်ခေတ်ကာလတွင် နတ်တော်လအတွင်း ဒေသအလိုက် သင့်တင့်သော ရက်တစ်ရက်သတ်မှတ်၍ စာပေဟောပြောပွဲများ ကျင်းပကြသည်။ စာရေးသူနှင့် စာဖတ်သူမျက်နှာချင်းဆိုင် ဆွေးနွေးပွဲများ ကျင်းပကြသည်။

စာပေပညာရှင်ကြီးများ၏ ခေတ် အဆက်ဆက် နိုင်ငံနှင့် ပြည်သူ့အကျိုးကို စာပေစွမ်းအားဖြင့် စွမ်းဆောင်နိုင်ခဲ့ကြသည်မှာ မြန်မာ့စာပေသမိုင်းတွင် ကမ္ဘည်းတွင်ရစ်ခဲ့ကြသည်။ စာပေပညာရှင်ကြီးများ၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် အမွေကောင်းများကို ယနေ့ မျိုးဆက်သစ်များမှ လက်ဆင့်ကမ်း ယူဆောင်ကြရမည်ဖြစ်ပါသည်။

စာပေအလင်းရောင် မီးရှူးတန်ဆောင်

စာပေသည် လူသားအားလုံးအတွက် အမှောင်ကိုခွင်း၍ အလင်းကိုဆောင်နိုင်သော မီးရှူးတန်ဆောင်ဖြစ်သည်။ စာဆိုရှင်ကြီးများ၏ ကျေးဇူးတရားကား လွန်စွာကြီးမားလှပါသည်။ စာပေသည် တိုင်းပြည်၏ အင်အားကြီးတစ်ရပ်ဖြစ်ပေသည်။ နိုင်ငံတည်ဆောက်ရာတွင် စာပေအား ကလောင်အားသည် အားတကာအားတွင် အထက်မြက်ဆုံး၊ အတောက်ပဆုံးဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် မျိုးချစ်စိတ်ဖြင့် ကလောင်အင်အားသည် တစ်တပ်တစ်အား ပါဝင်ခဲ့သည့် **"ကလောင်သွားသည် ဓားသွားထက် ထက်သည်"** ဆိုသော စကားအတိုင်း စာပေသည် အစွမ်းထက်လှပေသည်။ **"စာအုပ်စာပေ လူမိတ်ဆွေ"**၊ စာပေမြင့်မှ လူမျိုးတင့်သည်ဟူသော ဆောင်ပုဒ်အတိုင်း မျိုးဆက်သစ်လူငယ်များအတွက် ပိုမိုတိုးတက်မြင့်မားသော အနာဂတ်ဘဝများ ဖြစ်လာစေရန် နတ်တော်လ၏ စာဆိုတော်နေ့ အထိမ်းအမှတ်ပွဲများကို ယနေ့တိုင် နှစ်စဉ် ကျင်းပပေးနေပါသည်။

လက်ဆင့်ကမ်းရမည့် အစဉ်အလာ တစ်ရပ်မှာ သက်ကြီးစာပေပညာရှင်များကို ပူဇော်ကန်တော့သော အခမ်းအနားများကို နတ်တော်လရောက်တိုင်း ပြုလုပ်နေကြသည်ကို မြင်ရသည်မှာ ဝမ်းမြောက်ကြည်နူးမိပါကြောင်းနှင့် စာပေမှရရှိသော အသိပညာ လူသားတို့၏ဘဝကို တိုးတက်မြင့်မားခြင်းနှင့်အတူ စာပေဟောပြောပွဲများမှ ရရှိလာသည့် သုတ၊ ရသများကလည်း သဇင်ပန်းရနံ့ကဲ့သို့ လူသားတို့၏ နှလုံးသားကို လုပမွှေးကြိုင်လာမည်ဟု ယုံကြည်မိပါသည်။

မြန်မာနိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသား ညီအစ်ကိုများသည် ဘိုးဘွားအမွေ အနှစ်ဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရပြိမ်းချမ်းသာယာရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ အရင်းခံ၍ပြည်ထောင်စုစိတ်ဓာတ်နှင့် တစ်စိတ်တစ်ဝမ်းတည်းသော အမျိုးသားအာမခံများဖြင့် တက်ကုန်ဖွင့်၍ ဘက်စုံပေါင်းစုံမှ ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

ယနေ့အချိန်တွင် ပြည်သူတစ်ရပ်လုံး မျှော်လင့်လျက်ရှိသည်မှာ စစ်မှန်သော ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေးပင် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံချစ်သူ၊ မျိုးချစ်နိုင်ငံသားတိုင်းက ပြည်ဖျက်မီဒီယာများ အန္တရာယ်ကိုသိရှိကာ အမှားအမှန်ကို ဝေဖန်ပိုင်းခြား၍ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အားလုံးစုပေါင်းပြီး စည်းလုံးညီညွတ်စွာ ချီတက်သွားကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

❖ **မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၏ဦးဆောင်မှုဖြင့် စာဆိုတော်နေ့အထိမ်းအမှတ်ပွဲများကို ၁၃၀၆ ခုနှစ်ကစ၍ ကျင်းပလာခဲ့သည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်၊ ယနေ့ခေတ်တွင် စာဆိုတော်နေ့အခမ်းအနား၌ စာပေဗိမာန်ဆု၊ အမျိုးသားစာပေဆုရ ထူးချွန်သည့် စာပေပညာရှင်များကို ဆုများပေးအပ်ချီးမြှင့်ခြင်းနှင့်အတူ သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ တခမ်းတနားကျင်းပပေးလျက်ရှိ၊ ထို့အပြင် နိုင်ငံတစ်ဝန်း စာပေဟောပြောပွဲများကိုလည်း မြို့ရွာအနှံ့ ကျင်းပကာ ရှေးအခါကတည်းက ရှိနေခဲ့သော မြန်မာ့ဓလေ့ အစဉ်အလာကောင်းများကို ထိန်းသိမ်းဖော်ထုတ်လျက်ရှိသည်မှာ နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဖွယ်ရာပင် ဖြစ်ပါသည်။**

စာပေတန်ဆောင်

* စာပေခွန်အား၊ စွမ်းပကားကြောင့်
သားကောင်းလူမော်၊ ဖြစ်ထွန်းပေါ်၏။
* စာပေအလင်း၊ ဉာဏ်ဖြန့်ခင်း၍
ထိုးထွင်းသိကာ၊ တတ်လိမ္မာ၏။
* စာပေတန်ခိုး၊ သိလှုပ်ရှူး၍
ဆိုးသွမ်းသူပင်၊ ပျော့ပျောင်းယဉ်၏။
* စာပေရင်းခံ၊ လေ့ထုံသန်သော်
လမ်းမှန်တွေ့ရ၊ နှလုံးလှ၏။
* စာပေတန်ဆောင်၊ အလင်းရောင်တို့
ပြည်ဘောင်အနှံ့၊ ကုန်စင်ဖြန့်လျက်
ရှင်းသန့်ကြည်စွာ၊ လင်းလက်ပါသော်
သူငါလူတို့၊ ဉာဏ်မချို့အောင်
ပို့ဆောင်ရုံမျှ၊ ဘယ်မကချေ
ဖွေးလွစိတ်ထား၊ နှလုံးသားတို့
ခွန်အားဖြစ်စွ၊ အာဟာရလည်း
မုချသေချာ၊ ရမြဲသာတည့်။
* စာပေဟူသည်၊ သူ့စွမ်းရည်ကား
တိုင်းပြည်၏ဂုဏ်၊ လူမျိုးဂုဏ်ကို
ရှိန်ဟုန်ကြီးစွာ၊ ညွှန်းဆိုရာမို့
စာပေကိုမြှင့်၊ လူမျိုးမြင့်၏
ပွင့်ပန်းရာထောင်၊ ရနံ့ဆောင်သို့
လူဘောင်လောက၊ မွှေးထုံစွတည့်။
* အို...
ထိုထိုအကျိုး၊ ဆင့်ဆင့်တိုးသည့်
“အမျိုးသားစာပေဆု” ၊ ချိန်ယခုဝယ်
“စိန်ရတု”ခါညီ၊ ရောက်ခဲ့ပြီတည့်
ဖြစ်တည်ခဲ့ပါ၊ စဉ်အလာနှင့်
ထင်စွာကောင်းကျိုး၊ အမျိုးမျိုးကို
ဆတိုးရွက်ထမ်း၊ ရှေ့သို့လှမ်းမည်
သိန်းသန်းရတု တိုင်စေသော်...။
စာပေတန်ဆောင် လင်းစေသော်...။ ။

မောင်စိမ်းနောင်(လယ်ဝေး)

(စိန်ရတု အမျိုးသားစာပေဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ဂုဏ်ပြုလျက်)

သီတဂူဆရာတော်ကြီးနှင့် နိုပေါနိုင်ငံ ဝန်ကြီးချုပ်တို့ နိုပေါနိုင်ငံ၌ ကျင်းပသည့် 3rd Convocation of Lumbini Buddhist University and 20th University Day အခမ်းအနားတက်ရောက်

ကတ္ထမန္ဒူး (နီပေါ) နိုဝင်ဘာ ၂၉ နိုပေါနိုင်ငံဝန်ကြီးချုပ် ကေပီ ရှာမာအိုလီနှင့် Lumbini Buddhist University (LBU)တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ဩဝါဒစရိယ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓမ္မဟာရဋ္ဌဂုရု သီတဂူ ကမ္မာ ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ အသျှင် ဘဒ္ဒန္တ ဉာဏိဿရသည် နိပေါဝန်ကြီးချုပ်၏ အထူးဧည့်သည်တော်အဖြစ် ယနေ့တွင် နိုပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်ရှိ Lumbini Buddhist University ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် 3rd Convocation of Lumbini Buddhist University and 20th University Day အခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါအခမ်းအနားသို့ နိုပေါနိုင်ငံဝန်ကြီးချုပ် ကေပီရှာမာအိုလီ၊ နိုပေါနိုင်ငံ ပညာရေး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီး H.E. Bidya Bhattrai၊ နိုပေါနိုင်ငံ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ နိုပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်မောင်၊ လုမ္ဗိနီခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ Lumbini Development Trust မှ တာဝန်ရှိသူများ၊ လုမ္ဗိနီဥယျာဉ်၌ တည်ရှိသည့် မြန်မာ၊ တရုတ်၊ နီပေါ၊ ထိုင်း၊ သီရိလင်္ကာ၊ ကမ္ဘောဒီယား စသည့် နိုင်ငံများမှ ဘုန်းကြီးကျောင်းများ၏ ဆရာတော်၊ သံဃာတော်များ၊ ဒေသခံ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ဘွဲ့ရရှိသူ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၊ မြန်မာသံရုံးမှ တာဝန်ရှိသူများ အထူးဖိတ်ကြားထားသည့် ဓမ္မမိတ်ဆွေများ၊ Lumbini Buddhist University တွင် တက်ရောက်နေကြသည့် ကျောင်းသား ကျောင်းသူများ အပါအဝင် စုစုပေါင်း ၅၀၀၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ Lumbini Buddhist University ၏ဥက္ကဋ္ဌ နိုပေါဝန်ကြီးချုပ် ကေပီရှာ မာအိုလီက ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ [Honorary Doctorate Degree of Literature (D.Litt)] ဘွဲ့ရရှိသူ သီလရှင် ဆရာကြီး ဒေါ်ဓမ္မဝတီနှင့်တကွ ဘွဲ့ရရှိသူများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး နိုပေါပညာရေး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီး၊ ဝန်ကြီးချုပ်၏ အထူးဧည့်သည်တော် သီတဂူ ဆရာတော်ကြီးတို့က အမှာစကားများ ပြောကြားကြသည်။

သီတဂူ ဆရာတော်ကြီးက ယနေ့သည် ဗုဒ္ဓဘာသာဝင် သီလရှင်များအတွက် ကြီးကျယ်မြင့်မြတ်သော နေ့တစ်နေ့ဟု ဆိုရမည်ဖြစ်ကြောင်း၊ သက်တော် ၉၀ ကျော်ရှိပြီဖြစ်သည့် သီလရှင်ဆရာကြီး ဒေါ်ဓမ္မဝတီ မြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တွင် ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ (D.Litt) ချီးမြှင့်ခြင်းခံရသည့် အတွက် ထူးခြားသည့် နေ့ထူးနေ့မြတ်ဟု ဆိုရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရကလည်း လွန်ခဲ့သော နှစ်များကပင် သီလရှင် ဆရာကြီး ဒေါ်ဓမ္မဝတီ၏ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရန်အတွက် ဆောင်ရွက်ခဲ့မှု အရပ်ရပ်အတွက် သာသနဓဇ ဓမ္မာစရိယဘွဲ့ကို ဆက်ကပ်ချီးမြှင့်ခဲ့ကြောင်း၊ သီလရှင်ဆရာကြီးသည် ဗုဒ္ဓစာပေများကို ကောင်းစွာ တတ်မြောက်ကျွမ်းကျင်သူ ဖြစ်သည့်အပြင် ဗုဒ္ဓ၏တရားတော်များကို ဟောကြားရာတွင်လည်း ပါရဂူတစ်ပါးဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာကို လေးနက်စွာ ယုံကြည်ကိုးကွယ်ပြီး ကျင့်ကြံအားထုတ်မှု၊ ဟောပြောမှုတို့ကို အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုပူဇော်သည့်အနေဖြင့် ယခုကဲ့သို့ ဂုဏ်ထူးဆောင် စာပေ ပါရဂူဘွဲ့ကို ချီးမြှင့်ခံရခြင်း ဖြစ်ကြောင်း၊ ဂေါတမမြတ်စွာဘုရား၏ သမီးတော် ဒေါ်ဓမ္မဝတီ၏ ယခုကဲ့သို့ ထူးခြားသော အောင်မြင်မှုအတွက် လေးလေးနက်နက် ဝမ်းမြောက်ဂုဏ်ယူမှုဒီဂာစကား ပြောကြားလိုပါကြောင်း၊ မြတ်စွာဘုရား၏ ဗုဒ္ဓသာသနာတော်သည် နေလို့၊ လလို့ တည်တံ့ခိုင်မာ ထွန်းတောက်ပါစေကြောင်း မိန့်ကြားသည်။

ယင်းနောက် ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ ချီးမြှင့်ခြင်းခံရသူ သီလရှင် ဆရာကြီး ဒေါ်ဓမ္မဝတီ၏ ကိုယ်ရေးအကျဉ်းချုပ်နှင့် ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ ချီးမြှင့်ခံရခြင်းတို့ နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး နိုပေါဝန်ကြီးချုပ်က သီလရှင် ဆရာကြီး ဒေါ်ဓမ္မဝတီအား ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ ဆက်ကပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** ဆက်လက်၍ ဒုတိယဥက္ကဋ္ဌက ဘွဲ့ရရှိသူများနှင့် ထူးချွန်သူများအား ဆုချီးမြှင့်ပြီး ဘွဲ့ရရှိသူများထဲမှ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ ချီးမြှင့်ခြင်းခံရသည့် မြန်မာနိုင်ငံတွင် သီလရှင်ဆရာကြီး သမီးချစ်ဟု ထင်ရှားကျော်ကြားသော နိုပေါသာသနာပြု ဆရာကြီး ဒေါ်ဓမ္မဝတီသည် သက်တော် ၉၁ နှစ်ရှိပြီဖြစ်ပြီး ငယ်ရွယ်စဉ်ကပင် နိုပေါနိုင်ငံမှ မြန်မာနိုင်ငံသို့ အခက်အခဲအမျိုးမျိုးကြားမှ လာရောက်၍ ဗုဒ္ဓဘာသာစာပေများ လေ့လာသင်ကြားခဲ့သူဖြစ်သည်။ သီလရှင် ဆရာကြီး၏ ဗုဒ္ဓသာသနာပြု လုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်အစိုးရက ၁၉၆၂ ခုနှစ်တွင် သာသနဓဇ ဓမ္မာစရိယဘွဲ့ကို လည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တော်ကို လည်းကောင်း ဆက်ကပ်ချီးမြှင့်ခဲ့ပြီး ယခု Lumbini Buddhist University က ဂုဏ်ထူးဆောင်စာပေ ပါရဂူဘွဲ့ကို ဆက်ကပ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင်လည်း သီလရှင် ဆရာကြီး ဒေါ်ဓမ္မဝတီ(ခေါ်) သမီးချစ်သည် နီပေါနိုင်ငံ ကတ္ထမန္ဒူးမြို့တွင် Dharma Kirti Vihar သီလရှင်ကျောင်းကိုလည်းကောင်း၊ လုမ္ဗိနီဥယျာဉ်တွင် International Goutami Nun Temple သီလရှင်ကျောင်းကိုလည်းကောင်း တည်ထောင်ထားပြီး ထေရဝါဒဗုဒ္ဓသာသနာပြု လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

Lumbini Buddhist University (LBU) ကို နီပေါနိုင်ငံအစိုးရက နီပေါပါလီမန်အက်ဥပဒေနှင့်အညီ ၂၀၀၄ ခုနှစ် ဇွန် ၁၇ ရက်တွင် စတင်တည်ထောင်ခဲ့ရာ ယခုအခါနှစ် ၂၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး ဗုဒ္ဓ၏အဆုံးအမများကို လေ့လာသင်ယူ၍ လူမှုနေ့စဉ်ဘဝတွင် အေးချမ်းမှုငြိမ်းချမ်းမှု၊ သဟဇာတဖြစ်မှု၊ သာယာဝပြောမှုတို့ဖြင့် နေထိုင်နိုင်သည့် ပတ်ဝန်းကျင်တစ်ရပ်ဖြစ်စေရန် ရည်ရွယ်တည်ထောင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၂၀/၂၀၂၄)သင်တန်းဆင်းပွဲအခမ်းအနားတက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၉ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၁၂၀/၂၀၂၄) ရဲသူရဲတပ်ခဲ့၏ သင်တန်းဆင်းပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၉ ရက်နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး တက်ရောက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးသည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူကာ သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးခဲ့ပြီး **(ဝဲဘုံ)** ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။ ယင်းနောက် ရဲချုပ်က အကောင်းဆုံးကျောင်းသား ဆုရဒုတိယရဲအုပ်လောင်းဝေယံဦး၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ပိုင်ဇော်သက်၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖူးအောင်၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဝင်းမြင့်ဆွေ၊ အင်္ဂလိပ်စာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဝေယံဦးတို့အား ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရဲချုပ်က အမှာစကားပြောကြားသည်။ သင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ရဲထောက်ချုပ်ရဲမှူးချုပ် မြင့်တိုးနှင့် ရဲအရာရှိကြီးများ၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ / ပိတ်ပွဲ အခမ်းအနားတွင် ပါဝင်ကပြဖျော်ဖြေဆောင်ရွက်ကြမည့်ဝန်ထမ်းများ အစမ်းလေ့ကျင့်နေမှုကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီးများ၊ အဖြတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် တည်ဒိုရေးစခန်း(ရွာတော်)၌ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ ပိတ်ပွဲ အခမ်းအနားတွင် ပါဝင်ကပြဖျော်ဖြေကြမည့် အနုပညာဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ အနုပညာအထက်တန်းကျောင်း (ရန်ကုန်)၊ အနုပညာအထက်တန်းကျောင်း (မန္တလေး)၊ ကရင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့တို့မှ အင်အား ၃၅၀ ဖြင့် အကအစမ်းလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

စားသောက်ဖွယ်ရာများထောက်ပံ့

ပြည်ထောင်စုဝန်ကြီးက သာသနာရေးနှင့် ယဉ်ကျေးမှုန်ကြီးဌာန အနုပညာဦးစီးဌာနမှ အကနည်းပြဆရာမများ၊ အနုပညာရှင်ဝန်ထမ်းများနှင့် ကရင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့တို့မှ ကျောင်းသူများကို ယခုကဲ့သို့ ကြိုးကြိုးစားစားလေ့ကျင့်နေကြသည်ကိုတွေ့ရသည့်အတွက် ဝမ်းသာပါကြောင်း၊ နိုင်ငံတော်အဆင့်အခမ်းအနားကြီး၌ ပါဝင်ဖျော်ဖြေတင်ဆက်ခွင့် ရခြင်းဖြစ်၍ ဂုဏ်ယူစရာဖြစ်ကြောင်း၊ အတွေ့အကြုံများလည်း ရပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှုများလည်း ရပါကြောင်း၊ ပျော်ပျော်ရွှင်ရွှင်ဖြင့် ကပြဖျော်ဖြေတင်ဆက်သွားရန် တိုက်တွန်းပါကြောင်း အားပေးစကားပြောကြားပြီး အားဖြည့်အချီရည်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးသည်။ (၀၆ပုံ)

ယှဉ်ပြိုင်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေး

ဆက်လက်၍ ဖူဆယ်(အမျိုးသား)အားကစားနှင့် ဘော်လီဘော(အမျိုးသား) အားကစားလေ့ကျင့်နေသည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများကို တွေ့ဆုံအားပေးစကား ပြောကြားကာ အားဖြည့်အချီရည်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးပြီး စွမ်းအင်ဝန်ကြီးဌာန ဘော်လီဘော အသင်းနှင့် ယှဉ်ပြိုင်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကိုယ်စားပြုဘောလုံးအသင်း၊ ဖူဆယ် (အမျိုးသား) အသင်း၊ ဘော်လီဘော(အမျိုးသား)အသင်း၊ (အမျိုးသမီး) အသင်း၊ ဝိုက်ကျော်ခြင်းအသင်း၊ ပြေးခုန်ပစ်အသင်းတို့တွင် စုစုပေါင်းအုပ်ချုပ်သူ / နည်းပြ အပါအဝင် အားကစားသမား ၁၁၅ ဦးသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားနည်း ခြောက်မျိုး ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဝန်ကြီးဌာနကိုယ်စားပြု အမျိုးသားဘော်လီဘောအားကစားသမားများနှင့် တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၉

ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနကိုယ်စားပြု အမျိုးသားဘော်လီဘော အားကစားသမားများကို ယနေ့ ညနေ ၄ နာရီခွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံအားပေးစကား ပြောကြားသည်။ (အပေါ်ပုံ)

ဦးစွာ အားကစားအသင်းတာဝန်ခံ အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟိန်းက ဝန်ကြီးဌာန အမျိုးသားဘော်လီဘောအသင်း ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ အမျိုးသား အားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် စခန်းသွင်းလေ့ကျင့်မှု၊ အားကစားသမားများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးဆိုင်ရာ ဆောင်ရွက်ပေးမှုနှင့် ပြိုင်ပွဲယှဉ်ပြိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံတော်အဆင့်ကျင်းပသည့် အမျိုးသားအားကစားပြိုင်ပွဲတွင် ဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် အားကစာဒိတ်မာတ်အပြည့်ဖြင့် စည်းကမ်းတကျ ပြိုင်ပွဲဝင်ကြရန်လိုကြောင်း၊ ယခုပြိုင်ပွဲမှသည် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် အားကစားသမားအဖြစ် ရွေးချယ်ခံရရေးအတွက် တစ်ဦးချင်းမှအစ၊ အသင်းလိုက်စုဖွဲ့ကြိုးပမ်းကြရန် လိုကြောင်း၊ "ပွဲဝင်ခင်အပြင်ကကျင်းပ" ဆိုသည့် အတိုင်း ပြိုင်ပွဲဝင်မီ လေ့ကျင့်သားပြည့်ဝစေရေး အတွက် စနစ်တကျလေ့ကျင့်ကြရန်နှင့် နေထိုင်စားသောက်မှုနှင့်ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကိုလည်း အလေးဂရုပြုကြရန်လိုကြောင်း၊ အားကစားသမားတိုင်း အောင်စိတ်မွေးခြင်း၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်စေရေး လေ့ကျင့်ကြိုးစားယှဉ်ပြိုင်ကြရန် လိုကြောင်း အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအား ထောက်ပံ့ငွေများပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အမျိုးသားဘော်လီဘော ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်လိုအပ်

ရန်ကုန် နိုဝင်ဘာ ၂၉

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဆေးရုံတက်ရောက်ကုသနေသော လူနာများကို ကြည့်ရှုအားပေးသည်။

မေးမြန်းဖြည့်ဆည်းဆောင်ရွက်

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏အားကိုး ယုံကြည်ရသည့် လူမှုဖူလုံရေး စီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်လိုအပ်ကြောင်း၊ လူနာကုသရေးဆေးရုံသုံးပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ သက်တမ်းလွန် / လေလွင့် ဆေးများမဖြစ်စေရန် စီမံခြင်း၊ အာမခံအလုပ်သမားများ အားကိုးအားထားပြုရသည့် ဌာနတစ်ခုဖြစ်စေရန်အတွက် အလုပ်ရှင်၊ အလုပ်သမားများ၏ အဓိကလိုအပ်ချက်ဖြစ်သော ကောင်းမွန်သည့် ဆေးကုသဝန်ဆောင်မှုကို ပေးအပ်နိုင်ရန်နှင့် ယခုထက်ပိုမိုထိရောက်အောင် ဆောင်ရွက်ပေးနိုင်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံအားပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားဆေးရုံကြီးအတွင်း ပြင်ပလူနာဌာနခွဲ လာရောက်ပြသသည့် ပြင်ပလူနာများအား ဆေးဝါးကုသပေးနေမှုအခြေအနေများ၊ အတွင်းလူနာကုသပေးသည့် ကုသဆောင်များ၊ ကျောက်ကပ်သန့်စင်ဆေးကြောနေသည့် လူနာဆောင်သို့ သွားရောက်၍ ဆေးဝါးကုသမှုခံယူနေသည့် အာမခံအလုပ်သမားများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။(အောက်ပုံ)

သတင်းစဉ်

သွားဘက်ဆိုင်ရာဆေးပညာ ပထမနှစ်သင်တန်း မောင်မယ်သစ်လွင်ကြိုဆို

ရန်ကုန် နိုဝင်ဘာ ၂၉

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် - ရန်ကုန် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သွားဘက်ဆိုင်ရာ ဆေးပညာပထမနှစ်သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်

"တုန္ဒိင်းမမီ"ခန်းမ၌ ကျင်းပရာ ပညာရေးအဖွဲ့ဝင် ဆရာ ဆရာမများနှင့် ပထမနှစ်ကျောင်းသား ကျောင်းသူ ၇၃ ဦးတို့ တက်ရောက်ပြီး ပါမောက္ခချုပ် ပါမောက္ခဒေါက်တာရွှေတိုးက ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားကာ "သိမှတ်ဖွယ်ရာ အဖုံဖုံ... သွားဆေး-ရန်ကုန်" မှတ်တမ်းဗွီဒီယိုအား ပြသခဲ့ကြောင်း သိရသည်။ မြန်မာ့အလင်း

ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှိုးနွှယ်တက္ကသိုလ်များတွင် ပထမနှစ်သင်တန်းသို့ တက်ရောက်ခွင့်ရရှိသည့် ကျောင်းသား/ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၉

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ Naypyitaw State Academy, Faculty of Medicine ဆေးပညာနှိုးနွှယ်တက္ကသိုလ်များနှင့် တိုင်းရင်းဆေးတက္ကသိုလ်တို့တွင် နိုဝင်ဘာ ၂၁ ရက်၌ စတင်ဖွင့်လှစ်ခဲ့သည့် ပထမနှစ် သင်တန်းအသီးသီးသို့ တက်ရောက်ခွင့်ရရှိကြသော ကျောင်းသား ကျောင်းသူများ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Virtual စနစ်ဖြင့် Naypyitaw State Academy, Function Hall ၌ ကျင်းပသည်။ (ယာပု)

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိဆေးနှင့် ဆေးနှိုးနွှယ်တက္ကသိုလ်များတွင် ဆေးပညာ ဘွဲ့ကြိုသင်တန်းသား သင်တန်းသူ ၇၃၉၄ ဦး၊ သွားဘက်ဆိုင်ရာဆေးပညာ ဘွဲ့ကြိုသင်တန်းသား သင်တန်းသူ ၁၁၄၉ ဦး၊ ဆေးဝါးသိပ္ပံဘွဲ့ကြိုသင်တန်းသား သင်တန်းသူ ၈၉၈ ဦး၊ ဆေးဘက်ဆိုင်ရာနည်းပညာ ဘွဲ့ကြိုသင်တန်းသား သင်တန်းသူ ၁၁၆၆ ဦး၊ သူနာပြုသိပ္ပံဘွဲ့ကြိုသင်တန်းသား သင်တန်းသူ ၁၅၁၈ ဦး၊ ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး) ဘွဲ့ကြိုသင်တန်းသား သင်တန်းသူ ၇၁၀ တက်ရောက် ပညာသင်ကြားလျက်ရှိပါကြောင်း၊ ဆေးနှင့် ဆေးပညာနှိုးနွှယ်တက္ကသိုလ်များတွင် World Federation for Medical Education Guideline နှင့်အညီ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ၊ ခေတ်မီဆန်းသစ်သောသင်ကြားရေး အထောက်အကူပြုပစ္စည်းများဖြင့် လေ့ကျင့်သင်ကြားပေးခြင်း၊ Skill Lab Trainingများအပြင် သင်ကြားရေးဆေးရုံကြီးများတွင် လက်တွေ့သင်ကြားပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အတွက် ဤတက္ကသိုလ်များမှ မွေးထုတ်ပေးလိုက်သော ဆေးပညာရှင်များကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှိသော ဆေးပညာရပ်နယ်ပယ်အသီးသီးတွင် လက်ခံအသိအမှတ်ပြုကြပါကြောင်း။

သက်ဆိုင်ရာ ဘွဲ့ကြိုသင်တန်းအသီးသီးမှ ဘွဲ့ရရှိပြီးနောက် နိုင်ငံဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရင်းပြည်တွင်း၌ဖွင့်လှစ်ထားသော မဟာသိပ္ပံ၊ ပါရဂူဘွဲ့လွန်သင်တန်းများသာမက ပြည်ပနိုင်ငံများရှိ တက္ကသိုလ်များတွင်လည်း တော်ဝင်သမားတော်ဘွဲ့အပါအဝင် ဘွဲ့လွန်သင်တန်းများကို ဆက်လက်တက်ရောက်နိုင်စေရန် စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း၊ သစ်လွင်ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာရပ်ပိုင်းဆိုင်ရာ အရည်အသွေးပြည့်ဝစေရန်သာမက ခံယူချက်၊ အမူအကျင့်၊ စိတ်နေသဘောထားများလည်းမှန်ကန်ဖို့ လိုအပ်ပါကြောင်း၊ ကျင့်ဝတ်သိက္ခာကို စောင့်ထိန်းနိုင်သော ဆေးပညာရှင်၊ ဆေးပညာနှိုးနွှယ်ပညာရှင်များ ဖြစ်ကြပြီး တပည့်ကျင့်ဝတ်၊ သားသမီးကျင့်ဝတ်များကိုစောင့်ထိန်းပြီး နိုင်ငံနှင့် ပြည်သူ့အပေါ် ကျေးဇူးသိတတ်သည့် ပညာရှင်ကောင်းများဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌက သစ်လွင်ကျောင်းသား ကျောင်းသူများအား ဆေးပညာရှင်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များကို ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ တာဝန်ရှိများ၊ Faculty of Medicine, Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခ/ဌာနမှူးများ၊ Naypyitaw State Academy သို့ တက်ရောက်ခွင့်ရရှိသည့် သစ်လွင်ကျောင်းသား ကျောင်းသူများမှ In-person အနေဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဥက္ကဋ္ဌများ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဆေးနှင့် ဆေးပညာနှိုးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဆရာ ဆရာမများ၊ တက္ကသိုလ်အသီးသီးမှ သစ်လွင်ကျောင်းသား ကျောင်းသူများ Online မှတစ်ဆင့် တက်ရောက်ကြသည်။

ယခုပညာသင်နှစ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး ဆေးနှင့် ဆေးနှိုးနွှယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား ကျောင်းသူ ၂၇၈၈ ဦးနှင့် တိုင်းရင်းဆေးတက္ကသိုလ်တွင် တက်ရောက်ခွင့်ရရှိသူ ကျောင်းသား ကျောင်းသူ ၁၂၂ ဦး စုစုပေါင်း ၂၉၁၀ ရှိကြောင်း သိရသည်။

သတင်းစဉ်

လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးယာဉ်အားသွင်းစက်များ တင်သွင်းရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၉

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Premier Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GEELY GEOMETRY E အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFOX ALPHA T5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် ARCFOX အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်အားသွင်းစက်များ ၊ Auto Top Power Co.,Ltd မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DONGFENG NAMMI 01 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတကာသတင်း

ထိုင်းနိုင်ငံ မြို့တော်ဘန်ကောက်အနီး ဝန်ချီစက်ပြုကျ၊ လူခြောက်ဦး သေဆုံး

ဘန်ကောက် နိုဝင်ဘာ ၂၉

ထိုင်းနိုင်ငံမြို့တော် ဘန်ကောက်အနီးရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် ဝန်ချီစက်ကြီးပြိုကျမှုဖြစ်ပွားခဲ့ရာ လူခြောက်ဦး သေဆုံးခဲ့ပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက နိုဝင်ဘာ ၂၉ ရက်က ပြောကြားခဲ့သည်။

အဆိုပါ မတော်တဆမှုသည် နိုဝင်ဘာ ၂၉ ရက်အစောပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံအလယ်ပိုင်း စမွတ်စခွန်ခရိုင်ရှိ တည်ဆောက်ဆဲမိုးပျံအမြန်လမ်း လုပ်ငန်းခွင်တစ်ခုတွင် ကရိန်းစင်ပါဝန်ချီစက်ကြီး ပြိုကျခဲ့သောကြောင့် မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးက ဖော်ပြခဲ့သည်။

လူမှုမီဒီယာပို့စ်တစ်ခုတွင် ထိုင်းဝန်ကြီးချုပ် ပေထုန်တန်ရှင်နာဝပ်တရာက ကျန်ရစ်သူ မိသားစုများအတွက် အထူးဝမ်းနည်းကြောင်း ဖော်ပြခဲ့သည်။ ထိုင်းအစိုးရသည် အဆိုပါမတော်တဆမှုကို စုံစမ်းစစ်ဆေးရန် ကော်မတီတစ်ခု ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် နောက်နောင် ယခုကဲ့သို့ မတော်တဆမှုများ ထပ်မံဖြစ်ပွားရန် ပုဂ္ဂလိက ကန်ထရိုက်များကို အနီးကပ် စောင့်ကြည့်သွားမည် ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ပေထုန်တန်က ပြောကြားသည်။

ဆင်ဟွာ

အစ္စရေးက လက်ဘန္ဓနှင့် အပစ်အခတ်ရပ်စဲရေးအသက်ဝင်ချိန်တွင် ဂါဇာသို့ တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်

ကျေရှဆလင် နိုဝင်ဘာ ၂၉

အစ္စရေးနှင့် ရှီယိုက်မူစလင်အုပ်စုဟစ်ဇ်ဘိုလာအကြား လက်ဘန္ဓန်၌ အပစ်အခတ်ရပ်စဲရေး အသက်ဝင်ချိန်တွင် နိုဝင်ဘာ ၂၈ ရက်က ဂါဇာကမ်းမြောင်ဒေသသို့ တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အစ္စရေးတပ်မတော်က ဂါဇာမြောက်ပိုင်း၌ မြေပြင်စစ်ဆင်ရေးများကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်းနှင့် ပါလက်စတိုင်းအုပ်စုဟားမားစ်အပေါ် တိုက်ခိုက်မှုများ အရှိန်မြှင့်တင်လျက်ရှိကြောင်း နိုဝင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

ဂါဇာ ကမ်းမြောင်ဒေသ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများသို့ အစ္စရေးဗုံးကြဲတိုက်ခိုက်မှု ကြောင့် လူ ၂၅ ဦး သေဆုံးခဲ့ကြောင်း ဒေသတွင်းပါလက်စတိုင်း မီဒီယာများက ထုတ်ပြန်ထားသည်။ ပြီးခဲ့သည့်နှစ် အောက်တိုဘာလ အစ္စရေးနှင့် ဟားမားစ် ပဋိပက္ခဖြစ်ပွားချိန်မှစ၍ ပါလက်စတိုင်း သေဆုံးသူပေါင်း ၄၄၃၃၀ အထိ တိုးလာကြောင်း ဂါဇာကျန်းမာရေး အာဏာပိုင်များက ပြောကြားသည်။

ထို့ပြင် လက်ဘန္ဓန်၌ အစ္စရေးတပ်မတော်နှင့် ဟစ်ဇ်ဘိုလာတို့အကြား အပစ်အခတ်ရပ်စဲရေးမှာ နိုဝင်ဘာ ၂၇ ရက်က အသက်ဝင်ခဲ့သည်။ သို့သော်လည်း အစ္စရေးက ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေး သမားများ၏ လှုပ်ရှားသွားလာမှုများကိုတွေ့ရှိသည့် လက်ဘန္ဓန် တောင်ပိုင်းသို့ လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု နိုဝင်ဘာ ၂၈ ရက်က ကြေညာခဲ့သည်။ အစ္စရေးတပ်မတော်က အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်မှုမှန်သမျှ နှိမ်နင်းရန် ၎င်းတပ်ဖွဲ့ဝင်များ ယင်းနေရာ၌ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ပြောကြားသည်။ အစ္စရေးက သဘောတူညီချက်များကို အကြိမ်ကြိမ် ချိုးဖောက်ခဲ့ကြောင်း လက်ဘန္ဓန် တပ်မတော်က တုံ့ပြန်ပြောဆိုထားသည်။

အင်နဒ်အိတ်ခ်ဆ်ကေ

မလေးရှားနိုင်ငံ ပြည်နယ်အများအပြားတွင် ရေကြီးရေလျှံမှုဖြစ်ပွား၊ လူသုံးဦးသေဆုံး

ကွာလာလမ်ပူ နိုဝင်ဘာ ၂၉

မလေးရှားနိုင်ငံ ပြည်နယ်အများအပြားတွင် ဆိုးရွားသောရေကြီးမှုများကြောင့် နိုဝင်ဘာ ၂၉ ရက် ည ၈ နာရီအချိန်အထိ လူပေါင်း ၉၈၁၂၉ ဦး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရပြီး သုံးဦး သေဆုံးခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ခုတွင် နိုဝင်ဘာ ၂၉ ရက်က ဖော်ပြထားသည်။

ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရ

ရေကြီးရေလျှံဖြစ်ပွားမှု အဆိုးရွားဆုံးခံစားခဲ့ရသောဒေသများမှာ အရှေ့ဘက်ကမ်းရိုးတန်းပြည်နယ်များဖြစ်သော ကီလန်တန်နှင့် တီရန်ဂါနူဒေသများဖြစ်ကြပြီး ကီလန်တန်ဒေသတွင် လူပေါင်း ၇၂၄၇၅ ဦးဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကာ တီရန်ဂါနူဒေသတွင် လူပေါင်း ၁၉၂၉၄ ဦး ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း မလေးရှားနိုင်ငံ လူမှုဝန်ထမ်းဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် နိုဝင်ဘာ ၂၉ ရက်အထိ သေဆုံးသူ သုံးဦးရှိလာပြီဖြစ်ကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးဌာနက ဖော်ပြခဲ့သည်။

ဆင်ဟွာ

ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအား တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝန်ကြီးဌာနကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဘော်လီဘော (အမျိုးသား/အမျိုးသမီး)၊ ဖူဆယ်၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ်အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှုနှင့် လက်ရည်စမ်းယှဉ်ပြိုင်မှုတို့ကို ယနေ့တွင် သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပသည့် ဖူဆယ်ပြိုင်ပွဲတွင် ဝန်ကြီးဌာနကိုယ်စားပြုအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့၏ ယှဉ်ပြိုင်မှုကို လည်းကောင်း၊ ပျဉ်းမနား ပေါင်းလောင်းအားကစား ကွင်း၌ကျင်းပသည့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် နေပြည်တော်ကောင်စီ နယ်မြေ ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်နေမှုကို လည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ပြုလုပ်သည့် ဝန်ကြီးဌာနကိုယ်စားပြုပြိုင်ပွဲဝင်အားကစားသမားများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ရာ ပြည်ထောင်စုဝန်ကြီးက အသင်းအဖွဲ့စိတ်ဓာတ်၊ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ဝန်ကြီးဌာနဂုဏ်နှင့်ထိုက်တန်သည့် ဆုတံဆိပ်များရရှိအောင် ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် ဝန်ကြီးဌာနအတွက် ထိုက်တန်သည့် ဆုတံဆိပ်များရရှိအောင် ကြိုးစားသွားကြရန် အားပေးစကားပြောကြားပြီး အားကစားသမားများအတွက် လေ့ကျင့်ရေးဝတ်စုံ၊ ပြိုင်ပွဲဝင်ဝတ်စုံစုံနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများနှင့် နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများလေ့ကျင့်နေမှု ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၉

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်း တွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝင်ရောက် ယှဉ်ပြိုင်ကစားမည့် စွမ်းအင် ဝန်ကြီးဌာနကိုယ်စားပြု ဘောလုံး အားကစားအသင်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ကိုယ်စား ပြု ဘောလုံးအားကစားအသင်းတို့ Naypyitaw State Polytechnic University ရှိ ဘောလုံးအားကစား ကွင်းတွင် လေ့ကျင့်ကစားနေမှုကို သွားရောက်အားပေးသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးဌာန ကိုယ်စားပြု ဘောလုံးအသင်း လေ့ကျင့်နေမှုကို သွားရောက် ကြည့်ရှုအားပေးပြီး အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ ကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး ကာ ချိမြဲငွေ့နှင့် အင်အားဖြည့် အစားအစာများ ပေးအပ်ပြီး အားကစားအသင်းများအနေဖြင့် ဝန်ကြီးဌာနဂုဏ်ဆောင်နိုင်အောင် အားကစား စိတ်ဓာတ်အပြည့်ဖြင့် လေ့ကျင့်ယှဉ်ပြိုင်သွားရန်၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ဖြစ်အောင် ကြိုးစားကြရန်၊ ကျန်းမာရေးနှင့် ကြံ့ခိုင်မှုကောင်းမွန်အောင် နေထိုင်၊ စားသောက်ရေး ဂရုစိုက်ကြရန် မှာကြားသည်။

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဘောလုံး (အမျိုးသား)၊ ဘော်လီဘော (အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား)၊ ဖူဆယ် (အမျိုးသား)၊ ဂေါက်သီးရိုက် (အမျိုးသား) စသည့် အားကစားနည်း ငါးမျိုး ကို အားကစားသမား ၈၅ ဦး ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အားကစားအဖွဲ့ကို အောင်နိုင်ရေးအလံပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၉

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်၌ ဝင်ရောက် ယှဉ်ပြိုင်မည့် တိုင်းရင်းသားလူမျိုး များရေးရာဝန်ကြီးဌာန ကိုယ်စား ပြု အားကစားအဖွဲ့အား အောင်နိုင် ရေး အလံပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်း အတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနကိုယ်စားပြုအားကစား အသင်းများမှ အားကစားနည်း ကြီးကြပ်သူနှင့် တာဝန်ခံများ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြ များ၊ အားကစားသမားများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည် ထောင်စုဝန်ကြီးက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နေပြည်တော်တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ တိုင်းဒေသကြီး၊ ပြည်နယ် အားကစားနည်း ၂၃ နည်း၊ ဝန်ကြီး ဌာနအဆင့် အားကစားနည်း ခြောက်နည်းနှင့် မသန်စွမ်း အားကစားနည်း လေးနည်းတို့ဖြင့် ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဘောလုံး(အမျိုးသား)၊ ဖူဆယ် (အမျိုးသား)၊ ဘော်လီဘော (အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား)၊ ဂေါက်သီး (အမျိုး သား၊ ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး) အားကစားနည်း တို့ဖြင့် ပါဝင်ယှဉ်ပြိုင်သွားကြမည် ဖြစ်ကြောင်း၊ ယခုအားကစား အောင်နိုင်ရေး အလံအပ်နှင်းခြင်း သည် နည်းပြများနှင့် အားကစား သမားများကို ရုပ်ပိုင်းနှင့်စိတ်ပိုင်း ဆိုင်ရာ၊ အားကစားပညာရပ် ဆိုင်ရာစသည်ဖြင့် အစစအရာရာ အသင့်ဖြစ်နေသည်ဟု ယုံကြည် သည့်အတွက် အားကစား မောင်မယ်များ၏ စိတ်ဓာတ်အားကို မြှင့်တင်ပေးခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ ဌာနကိုယ်စား ပြု ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် အားကစားနည်းအလိုက် ရွေ တံဆိပ်နှင့် အခြားဆုအသီးသီး ရယူ၍ ဝန်ကြီးဌာန၏ဂုဏ်ကို မြှင့်တင်နိုင်ရေး အစွမ်းကုန် ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အောင်နိုင် ရေးအလံကို အားကစားအဖွဲ့ ခေါင်းဆောင်ဖြစ်သည့် ဒုတိယ အမြဲတမ်း အတွင်းဝန်ထံ အပ်နှင်းသည်။

ထို့နောက် အားကစားအဖွဲ့ ခေါင်းဆောင်က ဦးဆောင်၍ အားကစားအဓိဋ္ဌာန် (၄) ချက် ရွတ်ဆို၍ ကြိုတင်ပြင်ဆင် လေ့ကျင့်ခြင်းလုပ်ငန်းဆောင်ရွက် နေမှုများကို ရှင်းလင်းတင်ပြခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

မော်လိုက်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

မော်လိုက် နိုဝင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့က အခြေခံပညာ အထက်တန်းကျောင်း သုတရွှေစင် စာကြည့်တိုက်၌ ကျင်းပသည်။

ဦးစွာပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးဇေယျာဝင်းက လူငယ် စကားဝိုင်းပြုလုပ်ခြင်း ရည်ရွယ် ချက်များ ရှင်းလင်းပြောကြား သည်။ ထို့နောက် ခရိုင်ဦးစီးမှူး နှင့် Grade-10၊ Grade-11 တို့မှ ကျောင်းသား ကျောင်းသူများက ဘာကြောင့် စာဖတ်သင့်သလဲ၊ စာအုပ်ဆိုတာ ဘာလဲ၊ ဘယ်အချိန်မှာ စာဖတ်သင့်သလဲ နှင့် ကျောင်းစာကြည့်တိုက် ဘာကြောင့်အရေးပါသလဲခေါင်းစဉ် များဖြင့် ဦးဆောင်ဆွေးနွေး ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်း ကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ကိုထက်(ပြန်/ဆက်)

မြန်မာ့မဟုဗဒလယ်ပြင်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၉

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသွင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

မိုး/၈၆

ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇ ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားသမားများ၏ တည်းခိုဆောင်များနှင့် နေထိုင်စားသောက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၉

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တည်းခိုရေးစခန်း (ရွာတော်)သို့ သွားရောက်၍ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အားကစားသမားများ တည်းခိုနေထိုင်လျက်ရှိသည့် တည်းခိုဆောင်များ၊ ဆပ်ကော်မတီအလိုက် ရုံးခန်းဖွင့်လှစ်ထားရှိမှုများ၊ နေ့လယ်စာ စားသောက်နေမှုများနှင့် ချက်ပြုတ်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ရန် ရောက်ရှိလာသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်းများကို တွေ့ဆုံ၍ အားကစားသမားများအနေဖြင့် ကျန်းမာရေးအထူးဂရုစိုက်ကြရန် လိုကြောင်း၊ စံချိန်/စံညွှန်းများ ကောင်းမွန်သည့် အားကစားသမားများကို ရွေးချယ်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများဖြစ်အောင် ဆက်လက် လေ့ကျင့်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ မိမိတို့တွင်ရှိသည့် အစွမ်းအစများကိုမလျှော့ဘဲ အစွမ်းကုန် ကြိုးစား လေ့ကျင့်သွားကြရန်လိုကြောင်း၊ စားရိပ်သာမှ ချက်ပြုတ်ပြင်ဆင် ကျွေးမွေးသော အာဟာရပြည့်ဝပြီး သန့်ရှင်း လတ်ဆတ်သည့် အစားအသောက်များကိုသာ စားသုံးပြီး ပြင်ပအစားအသောက်များကို စားသောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုအပ်သည်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြိုင်ပွဲဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အားကစားသမားများ လာရောက်တည်းခို နေထိုင်လျက်ရှိသည့် တည်းခိုဆောင်များ၊ ဆပ်ကော်မတီအလိုက် ရုံးခန်းများ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စားရိပ်သာတွင် အားကစားအဖွဲ့များ၏ နေ့လယ်စာ

စားသောက်နေမှုများ (အပေါ်ပုံ)၊ ချက်ပြုတ်ပြင်ဆင်ဆောင်ရွက်နေမှုများ၊ စားသောက်ဆိုင် (ကန်တင်း)များတွင် အားကစားသမားများအတွက် အဆာပြေအစားအသောက်များနှင့် အသေးသုံးပစ္စည်းများ ဝယ်ယူနိုင်ရန် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ အာဟာရပြည့်ဝပြီး သန့်ရှင်းလတ်ဆတ်မှုရှိသော အစားအသောက်များကိုသာ ဈေးနှုန်းသင့်တင့်စွာ ရောင်းချပေးသွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပဉ္စမအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာ ဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၉

လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ပဉ္စမအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာ ဝန်ကြီးအဆင့် အစည်းအဝေး (5th ASEAN Ministerial Meeting on Women – AMMW)ကို ယနေ့နံနက် ၉ နာရီက Hybrid စနစ်ဖြင့် နေပြည်တော်ရှိ M. Gallery ဟိုတယ်၌ ကျင်းပသည်။ (အောက်ပုံ)

အစည်းအဝေးသို့ အလှည့်ကျ ဥက္ကဋ္ဌဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အာဆီယံ ဒုတိယ အထွေထွေအတွင်းရေးမှူး ချုပ် ဦးစံလွင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ သက်သက်ဇင်နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များက in person ဖြင့် တက်ရောက်ကြပြီး အာဆီယံ နိုင်ငံများမှ အမျိုးသမီးရေးရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံ အမျိုးသမီးကော်မတီ (ACW) အဖွဲ့ဝင်များက online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် ယခုအစည်းအဝေး၏ ခေါင်းစဉ်ဖြစ်သည့် "Towards an Inclusive Society through Gender Mainstreaming and Women Empowerment" သည် ကျား၊ မ ခွဲခြားမှုမရှိဘဲ လူတိုင်းတန်းတူညီမျှသော အခွင့်အလမ်းများနှင့် အရင်းအမြစ်များကို လက်လှမ်းမီနိုင်သော အားလုံးပါဝင်နိုင်သည့် လူ့အဖွဲ့အစည်းတစ်ခု အဖြစ် ဖန်တီးရန်အတွက် အလေးပေး ဖော်ပြထားပါကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာ စီမံကိန်း (NSPAW) သည် အမျိုးသမီးများ စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် ကျား၊ မ တန်းတူညီမျှမှု မြှင့်တင်ရေးတို့အတွက် အရေးပါသော ကတိကဝတ်တစ်ခုကို ကိုယ်စားပြုပါကြောင်း၊ ၎င်းသည် အမျိုးသမီးများ ရင်ဆိုင်နေရသော မညီမျှမှုများကို ဖြေရှင်းပေးပြီး အမျိုးသမီးများ၏ လိုအပ်ချက်များနှင့် အခွင့်အရေးများကို ထောက်ပံ့ပေးသည့် ပိုမိုမျှတသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးရန် ရည်ရွယ်ပါကြောင်း။

ပဉ္စမ အကြိမ်မြောက် အာဆီယံ အမျိုးသမီးရေးရာ ဝန်ကြီးအဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Women) ၏ ပူးတွဲကြေညာချက်သည် သက်ဆိုင်ရာ အာဆီယံနိုင်ငံများတွင် ကျား၊ မ ရေးရာကိစ္စရပ်များကို ဖြေရှင်းရာ၌ ပူးပေါင်းဆောင်ရွက်မှုနှင့် ကတိကဝတ်များအတွက် အရေးပါသော မူဘောင်တစ်ခုအဖြစ် အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေး၏ ဆွေးနွေးချက်များသည် အာဆီယံတစ်ဝန်းရှိ အမျိုးသမီးနှင့် မိန်းကလေးငယ်များ အတွက် အကျိုးရှိသော ရလဒ်များဖြစ်ထွန်းစေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အာဆီယံ အထွေထွေ အတွင်းရေးမှူးချုပ် ကိုယ်စား အာဆီယံ ဒုတိယ အထွေထွေ အတွင်းရေးမှူးချုပ် ဦးစံလွင်နှင့် စတုတ္ထအကြိမ်မြောက် အာဆီယံအမျိုးသမီး ရေးရာဝန်ကြီးအဆင့် အစည်းအဝေးဥက္ကဋ္ဌ တာဝန်ယူခဲ့သည့် အင်ဒိုနီးရှားနိုင်ငံမှ AMMW Minister ကိုယ်စား Senior Advisor to Minister တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ သဘာပတိအဖြစ် ဆောင်ရွက်ရသည့် အာဆီယံ အမျိုးသမီးကော်မတီ (ASEAN Committee on Women – Myanmar) ဥက္ကဋ္ဌ ဖြစ်သည့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက အာဆီယံအမျိုးသမီး ကော်မတီ သဘာပတိ၏ အစီရင်ခံစာကို ပဉ္စမအကြိမ်မြောက် အာဆီယံ အမျိုးသမီးရေးရာ ဝန်ကြီးများ အစည်းအဝေးသို့ တင်ပြသည်။

ဆက်လက်၍ အာဆီယံ အမျိုးသမီးရေးရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက နိုင်ငံအလိုက် "ကျား၊ မ ရေးရာ ထည့်သွင်းစဉ်းစားခြင်းနှင့် အမျိုးသမီးများအား စွမ်းဆောင်ရည် မြှင့်တင်ခြင်းဖြင့် အားလုံးအကျိုးဝင်သည့် လူ့အဖွဲ့အစည်း ဆီသို့" ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အတွေ့အကြုံများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အစည်းအဝေး အစီအစဉ်များကို ဆက်လက် ကျင်းပရာ ၂၀၂၇ ခုနှစ်တွင် ကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် အာဆီယံ အမျိုးသမီးရေးရာ ဝန်ကြီးအဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Women) ကို အလှည့်ကျနိုင်ငံ ဖြစ်သည့် ထိုင်းနိုင်ငံတွင် ၂၀၂၇ ခုနှစ် အောက်တိုဘာလ၌ ကျင်းပမည်ဖြစ်ကြောင်း သဘောတူကြသည်။

ထို့နောက် အာဆီယံ အမျိုးသမီးရေးရာဝန်ကြီး အဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Women) သဘာပတိ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သစ်ပင်နည်းလာတို့ကမ္ဘာ၊ လွန်စွာပူအေးဥတုဘေး

မိတ္ထီလာမြို့၌ လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြသ

မိတ္ထီလာ နိုဝင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ခရိုင်မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးသတ်ဆေးဘူးနှင့် လက်တွေ့သရုပ်ပြသခြင်းများကို နိုဝင်ဘာ ၂၈ ရက်က ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနရုံး၌ ဆောင်ရွက်သည်။

ဦးစွာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝန်ထမ်းများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၊ မီးလောင်မှုဖြစ်ပွားသည့် အကြောင်းရင်းများနှင့် မီးငြိမ်းသတ်ခြင်းနည်းစနစ်များ စသည်တို့ကို ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက အသိပညာပေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဝန်ထမ်းများအား မီးသတ်ဆေးဘူး ဖြင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းနှင့် ကိုယ်တိုင် ပါဝင် လက်တွေ့ငြိမ်းသတ်စေခြင်းများကို ခရိုင်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

မသန်စွမ်းသူများအရေး မေ့လျော့မနေစေဖို့ရာ...

ဆက်လက်ဝံ (MDevS)

၂၀၂၄ ခုနှစ်၏ နောက်ဆုံးလ ဒီဇင်ဘာသို့ ရောက်ရှိတော့မည် ဖြစ်ပါသည်။ နှစ်စဉ် ကမ္ဘာ့နိုင်ငံများတွင် ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ (ဒီဇင်ဘာလ ၃ ရက်) သည်လည်း ကျရောက်တော့မည်ဖြစ်သည်။ ကုလသမဂ္ဂက ဦးဆောင်ကာ မသန်စွမ်းသူများ ရင်ဆိုင်နေရသော စိန်ခေါ်မှုများအကြောင်းကို အသိပညာပေးရန်နှင့် လူ့အဖွဲ့အစည်းအတွင်း ကဏ္ဍပေါင်းစုံတွင် မသန်စွမ်းသူများ အပြည့်အဝနှင့် တန်းတူပါဝင်နိုင်မှုကို မြှင့်တင်ရန်ရည်ရွယ်၍ ၁၉၉၂ ခုနှစ်မှ စတင်ကာ နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

ယင်းသို့ ကျင်းပရာတွင် ဆောင်ပုဒ်များ နှစ်စဉ် ထုတ်ပြန်ခဲ့ပြီး ယခုနှစ်၏ ဆောင်ပုဒ်မှာ **"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှုမြှင့်တင်ပေး"** (Amplifying the leadership of persons with disabilities for an inclusive and sustainable future) ဖြစ်ပါသည်။

အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေးဟူသည့် အဓိပ္ပာယ်မှာ များစွာလေးနက်ပါသည်။ မသန်စွမ်းသူများအပါအဝင် လူသားအားလုံးအတွက် ရေရှည်တည်တံ့မှုကိုရရှိရန် ပန်းတိုင်သုံးခုကို အကောင်အထည်ဖော်ရန် လိုအပ်မည် ဖြစ်ပါသည်။ ယင်းတို့မှာ စီးပွားရေးတိုးတက်မှု၊ လူသားအားလုံး ပါဝင်မှုနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုတို့ ဖြစ်ပါသည်။ ပန်းတိုင်သုံးခုသည် အပြန်အလှန် ချိတ်ဆက်နေပြီး အောင်မြင်ရန်အတွက် အသွင်သဏ္ဌာန်နှင့် အနှစ်သာရပါ ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။

မော်လမြိုင်မြို့နယ် ရာမညအားကစားကွင်း၌ မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက်က ကျင်းပစဉ်။ စည်သူ(ပြန်/ဆက်)

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အစပျိုးရာတွင် စီးပွားရေးတိုးတက်မှုသည် ရပ်ရွာလူထု၏ ကြီးပွားတိုးတက်မှုအား မြှင့်တင်ပေးနိုင်သည့် အဓိကနည်းလမ်းတစ်ခုဖြစ်ပါသည်။ ၎င်းတို့အတွက် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်စေခြင်းတို့ကို ရရှိစေ၍ဖြစ်သည်။

ဟန်ချက်ညီ ထိန်းကျောင်းဆောင်ရွက်

သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုကို အနာဂတ်မျိုးဆက်များ၏ လိုအပ်ချက်များအတွက် မဆုတ်မနစ် ဖြည့်ဆည်းပေးရန်လိုအပ်ပြီး ၎င်းတို့၏ အနာဂတ်လိုအပ်ချက်များကိုပါ ဖန်တီးပေးခြင်း ဖြစ်ပါသည်။ ပစ္စုပ္ပန်မှ ရေရှည်တည်တံ့ပြီး ပိုမိုကောင်းမွန်သည့် အနာဂတ်များစွာတိုင် လူတစ်ဦးချင်းစီ၏ဘဝ၊ လူ့အဖွဲ့အစည်းနှင့် ကမ္ဘာကြီးကို ထူးခြားကောင်းမွန်စေရန် ဖော်ဆောင်ပေးရမည့် လူမှုရေးပန်းတိုင်တစ်ခုဖြစ်သည်။ သဘာဝပတ်ဝန်းကျင်၊ စီးပွားရေးနှင့် လူမှုရေး ဇရိယာသုံးခုကို အဓိကထားကာ ဟန်ချက်ညီ ထိန်းကျောင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

အားလုံးပါဝင်မှုကို ရှုထောင့်အမျိုးမျိုးက ဖွင့်ဆိုနိုင်ပါသည်။ ဤနေရာတွင် **"ခေတ်အဆက်ဆက်က လူ့အသိုင်းအဝိုင်းအတွင်းက ဖယ်ကြဉ်ခံထားရသော မသန်စွမ်းသူများကဲ့သို့ အားနည်းချက်ရှိသူများကို လူ့အဖွဲ့အစည်းအတွင်း ပေါင်စည်းပါဝင်နိုင်အောင် ဆောင်ရွက်သည့် အပြုအမူ သို့မဟုတ် အလေ့အကျင့်ကို လူသားအားလုံးလိုက်နာကျင့်သုံးခြင်း"**ဟု ဆိုချင်ပါသည်။

အသားအရောင်ကွဲပြားမှု၊ ကျား၊ မ၊ လိင်စိတ်ကွဲပြားမှု၊ စွမ်းဆောင်နိုင်မှုအခြေအနေ စသည်များကို အခြေခံပြီး ခွဲခြားဆက်ဆံခဲ့ကြကြောင်း သမိုင်းအထောက်အထားများစွာ ရှိခဲ့ပါသည်။ ယနေ့ အုပ်ချုပ်သူအစိုးရများနှင့် အဖွဲ့အစည်းများသည် အားလုံးပါဝင်မှုကို ကြိုးစားဖော်ဆောင်ပေးနေသော်လည်း လက်တွေ့လိုအပ်ချက်များကို မသန်စွမ်းသူများအပါအဝင် ခွဲခြားဆက်ဆံခံရလေ့ရှိသူများကသာ အသိဆုံးဖြစ်ပါသည်။

ထို့ကြောင့် လူသားအားလုံး ပိုမိုပါဝင်နိုင်သည့် ရေရှည်တည်တံ့သော ကမ္ဘာကို ဖန်တီးရာတွင် မသန်စွမ်းသူများ၏ပါဝင်နိုင်မှုကို အရေးကြီးအခန်းကဏ္ဍအဖြစ် ယခုနှစ်ဆောင်ပုဒ်ဖြင့် အသိအမှတ်ပြုထားခြင်းဖြစ်ပါသည်။ ထို့ပြင် ပြည်သူ့ရေးရာ စီမံဆောင်ရွက်မှုလုပ်ငန်းစဉ်များအတွက် ဆုံးဖြတ်ချက်ချရာတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ခွင့် ရရန် အရေးကြီးကြောင်းကိုလည်း အလေးပေးဖော်ပြထားခြင်းဖြစ်ပါသည်။

ဆောင်ပုဒ်သည် လက်ရှိနိုင်ငံတကာ နိုင်ငံရေးနှင့် မူဝါဒရေးရာများတွင် အထူးသဖြင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် ကမ္ဘာ့ထိပ်သီးညီလာခံ (World Summit)နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုဆိုင်ရာ ၂၀၃၀ အစီအစဉ်များကို အရှိန်အဟုန်မြှင့် ဖော်ဆောင်ပေးရန် လိုအပ်ကြောင်း တွန်းအားပေးခြင်းလည်း ဖြစ်ပါသည်။ ဒေသအဆင့်မှ ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းဖော်ဆောင်မှုတိုင်းတွင် မသန်စွမ်းသူများ၏ ခေါင်းဆောင်နိုင်မှု အခန်းကဏ္ဍကို ပိုမိုအလေးထားတိုးချဲ့ရန်လည်း ဆောင်ပုဒ်က ထောက်ပြထားပါသည်။

မသန်စွမ်းသူများ၏ ခေါင်းဆောင်နိုင်မှုကို မြှင့်တင်ပေးရန် တောင်းဆိုမှုသည် ၁၉၉၀ ပြည့်နှစ်များက ကမ္ဘာလုံးဆိုင်ရာ မသန်စွမ်းသူများ၏ အခွင့်အရေးလှုပ်ရှားမှုများတွင် ကိုင်စွဲခဲ့သည့် **"ကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့မပါဘဲ မလုပ်ပါနဲ့"** (Northing about us without us) ဆောင်ပုဒ်ဖြင့် ဆက်စပ်ကာ ပုံဖော်ထားခြင်းဖြစ်ပါသည်။ မသန်စွမ်းသူများကိုယ်တိုင် မိမိတို့၏ဘဝကို တက်ကြွစွာ ပုံဖော်လို၍ တောင်းဆိုထားခြင်းဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ မသန်စွမ်းသူများ၏ ဦးစားပေးအစီအစဉ်များတွင် မသန်စွမ်းသူအသင်းအဖွဲ့များနှင့် မသန်စွမ်းသူများ၏ ခေါင်းဆောင်မှုတို့ကို မြှင့်တင်ရန် ပါဝင်ပါသည်။

(၃၁) ကြိမ်မြောက်ခဲ့ပြီ

နိုင်ငံတော်အနေဖြင့် ၁၉၉၄ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပပေးလျက်ရှိရာ ယခုနှစ်တွင် (၃၁) ကြိမ်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ မြန်မာ့လူဘောင်တွင် မသန်စွမ်းသူများအပါအဝင် အားလုံးပါဝင်မှု သေချာစေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) ဖြင့် **"နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ ခံစားခွင့်ရှိသည်"**ဟု ပြဋ္ဌာန်းကာ ဖော်ဆောင်ပေးလျက်ရှိပါသည်။ ထို့ပြင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅) ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ)တွင် **"နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာစသည့် နယ်ပယ်အသီးသီးတွင် အခြားသူများနှင့် တန်းတူ လူမှုအဖွဲ့အစည်းတွင် ပေါင်းစည်းပါဝင်နိုင်ရန်"**ပြဋ္ဌာန်းထားပါသဖြင့် မသန်စွမ်းသူများအနေဖြင့် လိုက်နာကျင့်သုံးစေလျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူ့ဗဟိုပြု စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များအား အခြေခံလျက် မိမိနိုင်ငံ၏ ဖွံ့ဖြိုးမှုအနေအထားနှင့် လိုအပ်ချက်များအရ သင့်လျော်သလို အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။ ယင်းသို့ အကောင်အထည်ဖော်ရာတွင် အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ဘဏ္ဍာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် မလုံလောက်ခြင်း၊ နိုင်ငံ၏ ဖွံ့ဖြိုးမှုလုပ်ငန်းများအပေါ် အများပြည်သူများ၏ အသိပညာနှင့် စိတ်ပါဝင်စားမှု နည်းပါးခြင်းတို့သည် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သော်လည်း မသန်စွမ်းသူများအပါအဝင် **"တစ်ဦးတစ်ယောက်မျှ ကျန်လစ်ခဲ့ခြင်း မရှိစေရ"** ဟူသည့် သဘောတရားအား လက်ကိုင်ထား ဆောင်ရွက်ပေးလျက်ရှိပါသည်။

ခေါင်းဆောင်မှု အခန်းကဏ္ဍကို မြှင့်တင်

မသန်စွမ်းသူများ၏ အခွင့်အရေးကို ဖော်ဆောင်ရာတွင် အဓိကဦးဆောင်မှုပေးရသည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၇ ခုနှစ်ကစတင်၍ ဥပဒေနှင့်အညီ ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ အမျိုးသားကော်မတီ၏ လက်အောက်တွင် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ကိုးခုတို့ကို ဖွဲ့စည်း၍ တာဝန်အပ်နှင်းကာ ဖော်ဆောင်စေလျက်ရှိပါသည်။ အဆိုပါ ကော်မတီအဆင့်ဆင့်တွင် ဥပဒေနှင့်ကိုက်ညီသည့် မသန်စွမ်းသူများအား ထည့်သွင်းဖွဲ့စည်းပြီး ၎င်းတို့၏ ခေါင်းဆောင်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးလျက်ရှိပါသည်။ ဥပမာ အမျိုးသားကော်မတီတွင် နိုင်ငံတော်ဒုတိယဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်တာဝန်ယူ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ် ဥက္ကဋ္ဌတို့က ဒုတိယဥက္ကဋ္ဌများအဖြစ် ခေါင်းဆောင်နေကြပါသည်။

မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)၊ အခန်း ၁၂ အရ မသန်စွမ်းသူများအသင်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ကတစ်ဆင့် မှတ်ပုံတင်လိုသည့် မသန်စွမ်းသူအသင်းအဖွဲ့များက လျှောက်ထားကြရမည်ဖြစ်သည်။ ယင်းကဲ့သို့ ဆောင်ရွက်စေခြင်းဖြင့် မသန်စွမ်းသူများ၏ ခေါင်းဆောင်နိုင်မှုကို မြှင့်တင်ပေးပြီးဖြစ်သည့်အပြင် **"ကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့မပါဘဲ မလုပ်ပါနဲ့"** ဆောင်ပုဒ်ကိုလည်း ဖော်ဆောင်ပေးပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ အဓိကပန်းတိုင်များအား တာဝန်ရှိသူများနှင့် အများပြည်သူသို့အသိပေးရင်း အောက်ဖော်ပြပါလုပ်ငန်းများကို ဖော်ဆောင်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မသန်စွမ်းသူတို့၏ ဘဝနယ်ပယ်အသီးသီးတွင် ၎င်းတို့ကိုယ်တိုင် ခေါင်းဆောင်နိုင်မှုကို မြှင့်တင်ခြင်း။

၂။ လူ့အဖွဲ့အစည်း၏ ကဏ္ဍပေါင်းစုံတွင် မသန်စွမ်းသူများ ပါဝင်လာစေခြင်း။

၃။ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ၏ ပါဝင်မှုကို တိုးမြှင့်ခြင်း။

၄။ မသန်စွမ်းသူများ၏ အခွင့်အရေးများကို အသိပညာပေးခြင်း။

၅။ မသန်စွမ်းသူများ၏ အောင်မြင်မှုများကို ဂုဏ်ပြုခြင်း။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲများကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၉

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမဖြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမဖြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်း ပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၅) သင်တန်းဆင်းပွဲကျင်းပစဉ်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ကျင်းပကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာ ခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော် ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသော နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅)ကို စက်တင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလအတွင်း ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ ခြေလျင်လက်နက်ငယ် ဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်များကို စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြား လေ့ကျင့်ခဲ့ကြပြီး စစ်မြေပြင်အင်ဂျင်နီယာ ဘာသာရပ်၊ စစ်မြေပြင်အုပ်ချုပ်ရေး ဘာသာရပ်နှင့်အထွေထွေဘာသာရပ်များကိုလည်း ရက်သတ္တပတ်အလိုက် အဆင့်ဆင့်လေ့ကျင့် သင်ကြားခဲ့ကြကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၅) သင်တန်းဆင်းပွဲကျင်းပစဉ်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၃၈၅ ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။

ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့ သားကောင်းများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများတက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည် လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (Team-Work) ရရှိခဲ့ပြီး နိုင်ငံ့ချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ် (Patriotism)၊ အဖွဲ့အစည်းစိတ် (Team Sprit)၊ ရဲဘော်ရဲဘက်စိတ် (esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၅)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည် -

၁။ နိုင်ငံတော်နှင့် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်နေတဲ့ တပ်မတော်သားတွေကို လည်း ပိုပြီးလေးစားလာတယ်။ တပ်မတော်သား တစ်ယောက်ဖြစ်ခွင့်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ တစ်ခါစစ်သားဖြစ်ဖူးရင် ထာဝရစစ်သားဆိုတဲ့ စကားလိုပါပဲ။ စစ်မှုထမ်းကာလ တစ်လျှောက်မှာ တာဝန်တွေကို ကျေပွန်အောင်ကြိုးစားမယ်။ စစ်မှုထမ်းကာလပြီးဆုံးလို့ တိုင်းပြည်က လိုအပ်လာရင်လည်း တာဝန်ထမ်းဆောင်ဖို့ အသင့်ပါပဲ။

၂။ တပ်မတော်သားတိုင်းဟာ သူ့တာဝန်သူရှိတယ်။ အမိန့်ဆိုတဲ့ စကားလုံးနောက်က သွားတာပေါ့နော်။ တာဝန်ယူပြီး အလုပ်လုပ်ကိုင်ရတယ်။ တပ်မတော်သားတွေကို ကိုယ်ချင်းစာတတ်လာပါတယ်။ သင်တန်းဆင်းရတော့မယ်ဆိုတော့ ကျရာမိခင်တပ်ရင်းတွေမှာ ပေးအပ်တဲ့ တာဝန်တွေကို ကျေပွန်စွာ အတတ်နိုင်ဆုံး ထမ်းဆောင်ပြီး တော့အမြဲမြန်မာနိုင်ငံတော်ကြီးကို အတတ်နိုင်ဆုံး အသက်နဲ့လဲပြီး ကာကွယ်သွားမယ်လို့ ခံယူထားပါတယ်။ သင်တန်းအပတ်စဉ်တွေကို ထပ်လာမယ့်ညီငယ်တွေ အားလုံးကိုလည်း ဆရာတွေ ပြောတဲ့အတိုင်း သေချာလိုက်နာဆောင်ရွက်ပြီး သင်တန်းတွေ အားလုံးကို လာရောက်သင်ကြားစေချင်ပါတယ်။ စစ်ပညာဆိုတာ အခုလို ပြည်သူ့စစ်မှုထမ်း သင်တန်းဖွင့်လှစ်လို့သာ ကျွန်တော်တို့လည်း တတ်ရောက်ခဲ့တယ် ဆိုပေမယ့် မြန်မာနိုင်ငံသားတိုင်း စစ်ပညာ တတ်ကျွမ်းဖို့ လိုအပ်ပါတယ်။

၃။ ပြည်သူ့သားကောင်း တစ်ယောက်အနေနဲ့ နိုင်ငံတာဝန်ကို ကျွန်တော့်လို မျိုးပဲ လာရောက် ထမ်းဆောင်ဖို့ကိုလည်း ကျွန်တော်က ဖိတ်ခေါ်ပါတယ်။ တပ်မတော်ဆိုတာ တကယ်သာလိုက်နာနိုင်ရင် တကယ့်ယောကျ်ားကောင်းရင် ထာဝရ ဂုဏ်ယူစရာပဲ ဖြစ်ပါတယ်။

ယောကျ်ားမြတ်တို့ လေ့ကျင့်မွေးထုတ်ပေးတဲ့ ကျောင်းတော်ကြီးပဲ။ အဲဒါကြောင့် လာရောက်တတ်စေချင်ပါတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၅)မှ နိုင်ငံ့သားကောင်း စစ်သည်များကို သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မွန်ပြည်နယ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၅) သင်တန်းဆင်းပွဲကျင်းပစဉ်။

တနင်္သာရီတိုင်းဒေသကြီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၅) သင်တန်းဆင်းပွဲကျင်းပစဉ်။

တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan AD Van မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်နှင့် ပုသိမ်ခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၈ ဒသမ ၂၁၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၆၈၆၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ညောင်တုန်းမြို့နယ် ဆင်ထုံးကျေးရွာအုပ်စု၌ တရားဝင်သယ်ဆောင်ခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် နွေစားနွား ၁၂ ကောင် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကို အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရလည်းကောင်း၊ မြောင်းမြခရိုင်အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၆၆၈၈၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ ကားကြီးဝင်းအသစ် မိုးကောင်းကင်ဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၄၂၂၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ထားဝယ်မြို့ ဇရစ်ရပ်ကွက်၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၄၂၂၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်၌ တရားမဝင် အခြားသစ်တန် ၀ ဒသမ ၈၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၂)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၇ ရက်တွင် အေးရှားဝေါလ်ကုန်သွတ္တာစစ်ဆေးရေးစခန်း၌ ကုန်သွတ္တာ လေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့်လုပ်ငန်းသုံးပစ္စည်း သုံးမျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၇၆၇၈၀၀၀)ကို လည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၉၁၄၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၇ ရက်တွင် အမရပူရမြို့နယ် ရတနာပုံတံတား(ဇရာဝတီ)အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၉၂၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၄၅၆၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan Atlads မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)နှင့် ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် အခြားသစ် ၀ ဒသမ ၉၂၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၈၀၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် ထော်လာဂျီတစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)တို့ကို သစ်တောဥပဒေအရလည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၇၅၉၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Mitsubishi Canter Truck တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀၀)နှင့် ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၄၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၇၃၆၉၃၉၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၇ ရက်တွင် လှိုင်သာယာ အရှေ့ပိုင်းမြို့နယ် မြတောင်ဝန်ကြီး ဦးမိုးလမ်း အမှတ်(၂၃၁/ခ)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် ရွှေပြည်သာမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ တိုက်ကြီးမြို့နယ် မာဂရီချောင်းအနီး၌ တရားမဝင်အခြားသစ် ၂ ဒသမ ၀၃၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၇၅၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၆၆၇၅၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၂ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၇၉၄၀၂၂) ကို ဖမ်းဆီးရမိသည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဇော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိတ်ပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “@phyuxin 1111” TikTok အကောင့်နှင့် “Phyu Zin(Phyu)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၈၉) ရပ်ကွက်နေ ဖြူဖြူလွင် (ခ)ဖြူဇင်အား မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စေတုတ္တရာမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်ရှိ ကျောက်ပုံ၊ ခဲပစ်ရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့၍ ဒေသခံ နှစ်ထောင်ကျော် ယာယီနေရပ်စွန့်ခွာနေရသည်ဟု တရားမဝင်ပြည်ဗျက်မီဒီယာများက မဟုတ်မမှန် သတင်းအမှားများ ရေးသားဖြန့်ဝေ

နေပြည်တော် နိုဝင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်ရှိ ကျောက်ပုံ၊ ခဲပစ်ရွာများကို နိုဝင်ဘာ ၂၈ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့၍ ဒေသခံ နှစ်ထောင်ကျော် ယာယီနေရပ်စွန့်ခွာနေရသည်ဟု တရားမဝင်ပြည်ဗျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၎င်းမြို့နယ်အတွင်းရှိကျေးရွာများကို လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်မှုရှိခဲ့သော်လည်း ကျေးရွာများကို မီးရှို့ဖျက်ဆီးမှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို အသက်ပေးကာကွယ်စောင့်ရှောက်လျက် ရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ကျေးရွာများအတွင်း တရားမဝင်ခိုအောင်းနေထိုင်လျက်ရှိပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား စေတီပုထိုးများ၊ စာသင်ကျောင်းများ၊ နေအိမ်များ အကာအကွယ်ရယူ၍ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိစေရန် ချောင်းမြောင်းပစ်ခတ်ခြင်း၊ အလစ်အငိုက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသည့်အပြင် ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ရပ်ကွက်/ကျေးရွာများကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ဟု ပြည်သူများ အသိပင်ဖြစ်ကြောင်း၊ တရားမဝင်ပြည်ဗျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအား ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ မဟုတ်မမှန်သတင်းများ လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေခြင်း သာဖြစ်ကြောင်း သိရှိရသည်။ သတင်းစဉ်

လယ်ဝေးမြို့အနီး အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် နိုဝင်ဘာ ၂၉ - နိုဝင်ဘာ ၂၉ ရက် မြန်မာစံတော်ချိန် ၁၁ နာရီ ၃၂ မိနစ် ၅၈ စက္ကန့်အချိန်တွင် နေပြည်တော်မြေငလျင်စခန်းမှ အနောက်တောင်ဘက် ၂၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (လယ်ဝေးမြို့၏ အနောက်-အနောက်တောင်ဘက် ၁၄ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၉ ဒသမ ၅၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၉၁ ဒီဂရီ၊ အနက် ၂၄ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ မိုး/၈လ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မီဒီယာများမှ ရေးသားဖော်ပြထားသည့် မြန်မာ့တပ်မတော်(ရေ)မှ ပစ်ခတ်မှုကြောင့် ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ဒေသအနီး ငါးဖမ်းနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဆိုသည့် သတင်းနှင့်ပတ်သက်၍ ထုတ်ပြန်ချက်

နေပြည်တော် နိုဝင်ဘာ ၂၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ငါးဖမ်းစက်လေ့ တစ်စင်းသည် ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံ နယ်စပ်ဒေသ ကောဘဇားရှိ စိန့်မာတင် (St Martin) ကျွန်းအနီး နိုဝင်ဘာ ၂၇ ရက်တွင် ငါးဖမ်းနေစဉ် မြန်မာ့တပ်မတော်(ရေ)မှ ပစ်ခတ်မှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား တစ်ဦး ကျည်ထိမှန် ဒဏ်ရာရရှိခဲ့သည်ဟူ၍ အဆိုပါနိုင်ငံရှိ http;//www. Dhakatribune.com / Bangladesh / nation / 366495 / Bangladeshi-fisherman-injurred-by-myanmar-navy များ၌ ရေးသားဖော်ပြလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ စိစစ်ခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မီဒီယာများ၌ ဖော်ပြထားသည့် နိုဝင်ဘာ ၂၇ ရက်တွင် အဆိုပါနေရာ၌ မည်သည့် မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ်များမရှိဘဲ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်အချိန်ခန့်၌ စစ်တွေဘက်မှ ရေ/ဗိုက္ခာဖြည့်ဆည်းပြီး ပြန်လည်ထွက်ခွာလာသည့် စစ်ရေယာဉ် တစ်စင်းသာ မြောက်လတ္တီကျူ ၂၀ ဒီဂရီ ၃၄ ဒသမ ၃ နှင့် အရှေ့လောင်တီကျူ ၉၂ ဒီဂရီ ၂၆ ဒသမ ၇ မိနစ် မြင်းလွတ်ရွာ၏ အနောက်တောင် ဘက် ၅ မိုင်ခန့်အကွာ၌ ရောက်ရှိ အခြေပြုလျက် ရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ ဖြစ်စဉ်များသည် နှစ်နိုင်ငံနယ်ခြား စောင့် တပ်အချင်းချင်း အောက်ခြေအဆင့် ညှိနှိုင်း ဖြေရှင်းနိုင်သော်လည်း မီဒီယာများမှ နှစ်နိုင်ငံအစိုးရ ချင်း၊ ပြည်သူအချင်းချင်း ရှိပြီးချစ်ကြည်ရင်းနှီးမှုအား ပျက်ပြားစေရန်နှင့် အနေနှင့်အယှက်ဖြစ်စေရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်နိုင်သဖြင့် နှစ်နိုင်ငံ ဆက်ဆံရေး ထိခိုက်မှု၊ ပျက်ပြားမှုမရှိစေရေး နယ်စပ်ဒေသဆက်ဆံရေးအား မြန်မာနိုင်ငံအစိုးရ ဘက်မှလည်း သတိပြုဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ် ရောက်ရှိနေသည့် တည်နေရာပြမြေပုံ

ကော့မှူးဌ သမဝါယမအသင်းစုလိမိတက်၏ နှစ်ပတ်လည်စည်းဝေး

ကော့မှူး နိုဝင်ဘာ ၂၉

ကော့မှူးမြို့နယ် သမဝါယမအသင်းစုလိမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို နိုဝင်ဘာ ၂၈ ရက်က မြို့နယ်သမဝါယမ ဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌ ဦးမြင့်ဧော်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာမြင့်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းတို့က ရှေ့လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့အစီရင်ခံစာကို မြို့နယ် သမဝါယမအသင်းစု အတွင်းရေးမှူး ဦးအောင်မွေးက ဖတ်ကြားတင်ပြ၍ အသင်း၏ ဘဏ္ဍာရေးရှင်းတမ်းကို အုပ်ချုပ်မှုဒါရိုက်တာ ဦးစီတုတ်က ဖတ်ကြားတင်ပြပြီး အမှုဆောင် ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းဝင် ကိုယ်စားလှယ်များက သဘောတူကြသဖြင့် သဘာပတိက အတည်ပြုပေးကြောင်း သိရသည်။

ကျော်သူရ (ကော့မှူး)

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဥာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၃၃၊ ဦးပိုင်အမှတ် ၃-က/၉လမ်း၊ ဂဖြ၀၇လမ်းကြားရှိ ဦးကျော်စိုး၊ ဒေါ်ခင်လှအမည်ပေါက် ဂနန်းမြေကွက်အား ခင်ပွန်း ဦးကျော်စိုးကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ဇနီး ဒေါ်ခင်လှ (စ/မနမ(နိုင်)၁၁၆၀၀၉က ဂနန်းစာချုပ် သေစာရင်း၊ တရားရုံးကျန်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၁၅၊ ဦးပိုင်အမှတ်(၇၅)၊ ၄၆×၄၀ ကြား၊ ၁၀၈×၀၀၉ လမ်းကြားရှိ ဦးစန်းကျင်းအမည်ပေါက် တောဂရန် မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၁၉၂၀/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်အေးအေးနိုင် (စ/မနမ(နိုင်)၀၄၆၈၂၉ ၏ (GP ရရှိသူ ဒေါ်နေခြည်ဝင်းထွဋ်)က တောဂရန် စာချုပ်နှင့်အတူ အမှတ္တဝဲအမှတ် (၅၀၀၄/ ၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း/ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မွေးသက္ကရာဇ်အမှုန်

နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်နေ (၁၁) ဦးသိန်းနိုင်၏ သမီး မသော်သော်ဆွေ ၇/ကတခ (နိုင်) ၂၀၆၃၁၆ ၏ မွေးသက္ကရာဇ်အမှုန်မှာ ကျောင်းဝင်မှတ်ပုံတင် (ခ) စာရင်းအရ ၁၃-၇-၂၀၀၂ ဖြစ်ပါကြောင်း။

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၄၅၊ ဦးပိုင်အမှတ်(၂၂)၊ ၄၀×၄၁ကြား၊ ၅၃×၅၄ လမ်းကြားရှိ ဂနန်းမြေကွက် အမည်ပေါက်သူ ဒေါ်နန်းကြူ (စ/မရတ(နိုင်)၁၀၅၁၃၄၈ အမှုတွဲအမှတ် (၅၀၉၈/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

သွေးသည်အသက်

ဧလွန်မြို့နယ်၌ ဆောင်းသီးနှံ(နေကြာ) စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ဧလွန် နိုဝင်ဘာ ၂၉

ဧလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြုလုပ်သော ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံ(နေကြာ) Super Sun - 41 စံပြကွက် ငါးဧက စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၈ ရက်က အစုကြီးကျေးရွာ တောင်သူ ဦးရွှေထူး၏ လယ်မြေ၌ ပြုလုပ်သည်။

ကွင်းသရုပ်ပြပွဲတွင် ဟသံတ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့် တာဝန်ရှိသူများက တောင်သူများအား ဆောင်းသီးနှံ(နေကြာ)မျိုးစေ့နှင့် ဝဲပုပ်မျိုးစေ့များကို ပေးအပ်ပြီး တောင်သူ ဦးရွှေထူး၏ လယ်မြေငါးဧကေတွင် ဆောင်းသီးနှံ(နေကြာ) Super Sun - 41 ကို စုပေါင်း စိုက်ပျိုးခြင်း ဖြစ်ကြောင်း သိရသည်။

နေမှကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ခခ-၂၊ ဦးပိုင်အမှတ်(၄၀)၊ ၅၈(A)နှင့် ၃၇(A)လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သော ဒေါ်ညိမ်းစုဝေတို့(၂)ဦးအနက် ဒေါ်ညိတင်ထံမှ စွန့်လွှတ်စာချုပ်အမှတ် (၂၉၄၉/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူ ဒေါ်ညိမ်းစုဝေ ၁/၈မန(နိုင်)၀၆၃၉၄၀ က အမှုတွဲအမှတ်(၅၀၉၀/ ၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ် ၅၄၊ ဦးပိုင်အမှတ် ၂၂-စ/၁၃×၁၄ကြား၊ ၈၀×၈၁ကြား၌ ဘိုးဘေးမြေကွက်အား အမည်ပေါက်သူများဖြစ်သော ဖခင် ဦးမြင့်ကို၊ မိခင် ဒေါ်ခင်မဘို၊ တို့ကွယ်လွန်၍ ကျန်ရစ်သူသား၊ သမီးများဖြစ်ကြသော ဒေါ်ခင်စီလှိုင် (စ/မနမ(နိုင်) ၀၀၆၃၉၇၊ ဒေါ်စုစုလှိုင် (စ/မနမ(နိုင်)၁၁၇၂၀၇၊ ဒေါ်အိအိခင် (စ/မနမ(နိုင်) ၁၁၇၂၀၈၊ ဒေါ်ရွှေရည်မြင့် (စ/အမန(နိုင်)၀၃၂၁၆၄တို့က ဘိုးဘေးမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျန်ရစ်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် စွန့်လွှတ်စာချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်အုပ် (၅၅၀၀) ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အဖြို့ဖြို့အနယ်နယ်ရှိ ပြန့်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း-၀၁-၈၃၈၅၅၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ အိမ်ခွန်အရာလမ်း၊ မြေကွက်အမှတ် (၆၂၀)။ အကျယ်အဝန်း (၄၀၀၀ × ၆၀၀၀)ရှိ ဦးစောထွန်း (၁၂/ဥကတ (နိုင်) ၁၂၄၇၅၃) (KWA- ၀၄၆၆၇၆) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၆၁၉)နှင့်ကပ်လျက် (၂၀၀၀ × ၆၀၀၀) ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသုခဦးမိမ်း (၅/ကနန (နိုင်) ၀၃၇၈၂၅) ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးပြည့်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ ဗိုလ်ဗထူးတန်ခိုးမျက်(၃ထိပ်အဆင့်အိမ်ရာ)၊ တိုက်အမှတ် (CC-2)။ အခန်းအမှတ်(၅၀၄)၊ အကျယ်အဝန်း (၃၀၆၀ × ၃၀၆၀)(U-900) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါက်တာစမ်းစမ်းအေး (၁၂/ဗဟန (နိုင်) ၀၅၆၅၈၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးပြည့်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ် ၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟူမွလင်းခရိုင်၊ ဟူမွလင်းမြို့နယ်၊ အထက၊ နမ့်တောမှ (၁၁) ဦးတင်ငွေ ၅/ဟမလ(နိုင်)၁၉၅၈ ဝ၆ ၏သီးမီး မဟန်ယွန်ဆူး(G-5) ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၉-၉-၁၀၁၀ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်(ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(၅/ဝဒသော)၊ ဦးပိုင်အမှတ် (၁၁၅)။ မြေဧရိယာ (၀ဒသမ၀၅၅)ကေရီ မြေကွက်အား မြေဌားဂရန်(သက်တမ်းတိုး ဂရန်သစ်) လျှောက်ထားနိုင်ရန် ဦးညီညီလွင် ၁၂/စခန(နိုင်) ၀၀၇၀၄၈ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ စ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက် အထားပြည် စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
ပြင်ဦးလွင်မြို့

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေမန်တောင်ရပ်ကွက်၊ အကွက်အမှတ် (၅)၊ ဦးပိုင်အမှတ် (၇၇)၊ (၃၉၄၅၀)ကြား၊ (၅၈၄၅)၊ (၅၈၄၆) လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ကြည် ၁၃/လရန (နိုင်)၁၀၆၁၃၆၏ (GP ရရှိသူ ဒေါ်ခင်အေး)က အမှုတွဲအမှတ် (၅၀၈၉/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၂၄၄၁ ယာဉ်လက်ဝယ်ရှိသူ ဦးချစ်မင်းကိုကို ၁၀/မလမ(နိုင်) ၁၉၅၄၁၀၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၀၃၈၁ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဦး ၁၀/မလမ(နိုင်) ၀၀၆၀၇၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)

ညောင်ဦးခရိုင်တရားရုံး

၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၃

သမဝါယမဘဏ်လီမိတက် (CB Bank PCL)	နှင့်	၁။ ဒေါ်စန်းသော်တာမျိုး ၂။ ဒေါ်သင်းယုဆွေ ၃။ ဦးကျော်စွာဖြင့် ၄။ ဒေါ်စုစုဝင်း ၅။ ဦးကျော်ဇေယျနိုင်
(တရားနိုင်)		(တရားရှိုးများ)

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်နိုးကျွန်းခရိုင်၊ သဃ်နိုးကျွန်းမြို့နယ်၊ သုဝဏ္ဏ (၃၀)ရပ်ကွက်၊ ခရမြေငှါးလမ်း၊ အမှတ်(၁၂၀) နေ ဒေါ်သင်းယုဆွေ (ယခုနေရပ်လိပ်စာမသိသူ) နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်နိုးကျွန်းခရိုင်၊ သဃ်နိုးကျွန်းမြို့နယ်၊ သုဝဏ္ဏ(၃၁)ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၉၉)နေ ဦးကျော်ဇေယျနိုင် (ယခုနေရပ်မသိသူ) သိစေရမည်။

၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၃၉/ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး) တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော် တရားနိုင်ငံ သမဝါယမဘဏ်လီမိတက်(CB Bank PCL)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၂၀ရက်(၁၃၈၆ခုနှစ်၊ နတ်တော်လဆုတ် ၅ရက်) မွန်းတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ထိုး ထုတ်ပေးလိုက်သည်။

(ခင်ချိုထက်)
ခရိုင်တရားသူကြီး
ညောင်ဦးခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂)

သဃ်နိုးကျွန်းခရိုင်တရားရုံး

၂၀၂၃ ခုနှစ် ၊ တရားမကြီးမှုအမှတ်- ၂၂၀ နှင့် ဆက်နွယ်သည့်

၂၀၂၄ ခုနှစ် ၊ တရားမဇာရီမှုအမှတ်- ၁၁၅

LAUSAN MYANMAR COMPANY LIMITED (ငှါးစား၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်မာချို)	နှင့်	၁။ မသင်ငိုး ၂။ ကိုဟံသာမြတ်
ဒီကရီအနိုင်ရသူ		တရားရှိုးများ

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့၊ ရွှေတောင်ချည်မျှင်နှင့်အထည် စက်ရုံ၊ စံပြရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် (၃၁)နေ (၁) တရားရှိုး မသင်ငိုး၊ (၂) တရားရှိုး၊ ကိုဟံသာမြတ် (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၂၀ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်(၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၅ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

(မင်းသီတာဝေ)
တွဲဖက်ခရိုင်တရားသူကြီး(၁)
သဃ်နိုးကျွန်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်နိုးကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈/က)၊ မြေကွက်အမှတ် (၁၈/ဃ)။ မြေကွက် တည်နေရာ အမှတ်(၁၈/ဃ)။ ဦးဘဟန်လမ်း၊ ဗိုလ်ကည်နွယ်ရပ်ကွက်၊ သဃ်နိုးကျွန်းမြို့နယ်၊ ဒေါ်လှသန်း (၁၂/သဃက(နိုင်)၀၂၈၅၁၉)အမည်ပေါက် ဘီလ/နာ(၁)မြေအား အမည်ပေါက် ဒေါ်လှသန်း(မိခင်)နှင့် ဦးဝင်းမြင့်(ဖခင်) တို့ အသီးသီးကွယ်လွန်ကြသဖြင့် ဦးမောင်မောင်စိုး(၁၂/တမန (နိုင်)၀၁၈၀၆၆)၊ ဒေါ်ကျင်ကျင်စန်း(၁၂/တမန (နိုင်)၀၈၅၆၀၅)၊ ဦးဝင်းမြင့်(၁၂/တမန (နိုင်) ၀၄၇၁၃၆)၊ ဒေါ်ခိုရီမြင့် (၁၂/တမန (နိုင်)၀၄၇၆၀၈)၊ ဦးအောင်စိုး(၁၂/သဃက(နိုင်)၀၂၉၄၁၈)၊ ဒေါ်အေးအေးမူ(၁၂/သဃက (နိုင်)၀၂၉၂၄)၊ ဒေါ်မြင့်မြင့်သန်း(၁၂/သဃက(နိုင်) ၀၂၉၁၅၅)၊ ဒေါ်ဌေးဌေးဝင်း(၁၂/သဃက(နိုင်)၀၂၉၁၄)၊ ဦးကျော်နိုင်(၁၂/သဃက (နိုင်)၀၂၈၈၇၀)တို့မှ တရားဝင်အမွေလက်ခံခွင့်ရှိသည့် သား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ - ၉၄၃/၂၀၂၄ (၂၉-၅-၂၀၂၄)၊ သေစာရင်း၊ ဆိပ်ထောင်စု စာရင်း၊ အမည်ပေါက်ပိုင်ဆိုင်ကြောင်းစာချုပ်-၃၈၅၅/၂၀၀၆ (၂၄-၁၀-၂၀၀၆) မူရင်းတို့တင်ပြ၍ ဒေါ်မြင့်မြင့်သန်းမှ ၎င်းကိုယ်တိုင်နှင့် ဒေါ်ခိုရီမြင့်၊ ဒေါ်အေးအေးမူ၊ ဒေါ်ဌေးဌေးဝင်းတို့ထံမှ (GP) ၁၇၉၄/ ၂၀၂၄(၃၀-၅-၂၀၂၄)ဖြင့်ရရှိပေးပို့ချက် ကျန်မောင်နှမများ ဖြစ်ကြသော ဦးမောင်မောင်စိုး၊ ဒေါ်ကျင်ကျင်စန်း၊ ဦးဝင်းမြင့်၊ ဦးအောင်စိုး၊ ဦးကျော်နိုင်တို့နှင့် ပူးတွဲ၍ (GP)၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝင်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ ၈၂၅/၂၀၂၄ (၃-၆-၂၀၂၄)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေး ကြော်ငြာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြဖွံ့ဖြိုးမှုနှင့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေမန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၈၀၊ ဦးပိုင်အမှတ်(၇-က)၊ ၅၆၄၀၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်းဌေး ၉/ပသက(နိုင်) ၀၀၉၀၄၀၈ အမှုတွဲအမှတ် (၅၀၉၇/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် လက်ရောက်ရုပ်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်ဝင်းကြည်(၁၂/ဥကတ (နိုင်)၀၁၁၀၄၇)က ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့် ပစ္စည်း၏တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်း မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးရန်ဝိုင်စိုး(စဉ်-၁၁၅၉၁) တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၃၇၇)၊ အခန်း(၁၅)၊ ဘုရင့်နောင်လမ်း၊ (၄၀)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၅၇၇၇၁၇၅

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ် ၁-၃၊ ဦးပိုင်အမှတ် (၈၆)၊ ၆၃(B)လမ်း၊ ၃၇ပုဇလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးလွေ ၁၃/ကမန(နိုင်)၀၅၄၉၈၆က အမှုတွဲအမှတ် (၅၀၉၆/ ၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဂ၁ယ/ဂ၉၃၃ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဦး ၁၀/မလမ(နိုင်)၀၀၂၀၃၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဂ၁ယ/ဂ၉၃၃ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဦး ၁၀/မလမ(နိုင်) ၀၀၂၀၃၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

စိမ်ကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေသိန်းဆုဌာနခွဲ
ကြေညာချက်
(ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ လ ၃၀ ရက်)

၁။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၆၉) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆု ထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က" အက္ခရာမှ အစဉ်လိုက် "ဈ" အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၉) လုံးအပေါ်မှ ၇၅% ကို ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၅၅၂၂၇၆) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (၅၅၂၂.၇၆၀) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (**၃၈၆၅.၉၃၂**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **<u>အထူးဆုကြီး</u>**

(၁)	ကျပ်သိန်းငါးထောင်	=	(၁)	ဆု
(၂)	ကျပ်သိန်းနှစ်ထောင်	=	(၁)	ဆု
(၃)	ကျပ်သိန်းတစ်ထောင်	=	(၁)	ဆု

(ခ) **<u>ဆုတစ်ဆုချင်း</u>**

(၁)	ကျပ်သိန်းငါးရာ	=	(၄)	ဆု
(၂)	ကျပ်သိန်းနှစ်ရာ	=	(၅)	ဆု
(၃)	ကျပ်သိန်းတစ်ရာ	=	(၉)	ဆု
(၄)	ကျပ်သိန်းငါးဆယ်	=	(၁၂)	ဆု
(၅)	ကျပ်သိန်းနှစ်ဆယ်	=	(၁၆)	ဆု
(၆)	ကျပ်တစ်ဆယ်သိန်း	=	(၁၄)	ဆု

(ဂ) **<u>ဝေဝေဆာဆာပဒေသာဆု</u>**

(၁)	ကျပ်သုံးသိန်း	=	(၃၀)	ဆု
(၂)	ကျပ်နှစ်သိန်း	=	(၃၀၀)	ဆု
(၃)	ကျပ်တစ်သိန်း	=	(၅၀၀၀)	ဆု
(၄)	ကျပ်ငါးသောင်း	=	(၂၀၀၀၀)	ဆု
(၅)	ကျပ်တစ်သောင်း	=	(၁၀၀၀၀၀)	ဆု

(ဃ) **<u>ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု</u>**

(၁)	ကျပ် တစ်ဆယ်သိန်း	=	(၄)	ဆု
(၂)	ကျပ် သုံးသိန်း	=	(၂၀)	ဆု
(၃)	ကျပ် နှစ်သိန်း	=	(၂၀၀)	ဆု
(၄)	ကျပ် တစ်သိန်း	=	(၂၀၀၀)	ဆု

၄။ (၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေ အပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုဖအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။

၅။ (၆၉) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၁၂-၂၀၂၄) ရက်နေ့ (တနင်္ဂနွေနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို နေ့လယ် (၀၂:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ဥက္ကလာပ(၁၁)လမ်း၊မြေကွက်အမှတ်(၁၅)၊မြေအလျား၊ အနံ(၄၀×၆၀)ပေအကျယ်ရှိ ဦးမြတ်မင်း (၁၂/ဘတမ(နိုင်)၁၂၄၇၂၀)ဦးသန်းဇေအောင်(၁၂/ဘတမ(နိုင်)၁၃၃၀၄၅၅) အမည်ပေါက်နစ်(၆၀)မြေပြားဝယ်ရန် မြေကွက်ထဲမှ တရားဝင်မဆွဲမဖတ်ရသေးသော ဦးသန်းအောလိုင်ဆိုသောအကြွေးထည် မြေအလျား၊အနံ(၁၄×၆၀)ပေ(အလယ်ခြင်း) မြောက်၊အဆောက်အအုံအား အရောင်းအဝယ် စာချုပ်အဆက်ဆက် ပြင်းထန်ယုပိုင်ဆိုင် ထားသူ ဦးဝင်းဆွေ(၁၂/ဘတမ(နိုင်)၁၃၂၆၆၅)မှ ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိ သည်ဟုအဆိုပြုသောကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေ အပြီးအပိုင်ဝယ်ယူရန် အတွက်ရန်ပေါ်ငွေ တစ်စိတ် တာဒေသ ကိုပေးချေ ထားပြီး ပြဿနာတက်ပြီ ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ပိုင်ဆိုင်ခွင့်ရှိသူ ဦးသိန်းဝင်းဦး ဆိုသူသည် ယခုကြာရှည်ကာလ ရောက်ရှိသော်လည်း ယင်းသူနှင့် ပတ်သက်၍ ဘာတရားဝင် စာချုပ်စာတမ်းမျှ မရှိသော်လည်း ယင်းသူ၏ ကိုယ်စားလှယ်များ ဖြစ်သည့် မေးမှန်း(၇)ရက်အတွင်း လာရောက် ကန့်ကွက် နိုင်ယင်းယင်းနောက်ပိုင်းအရာတွင် အရောင်းအဝယ် ကိုဥပဒေနှင့် အညီ အပြီးဆောင်ရွက် သွားမည် ဖြစ်ကြောင်းကြေငြာ အပ်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်မင်းထိုက် LL.B, D.B.L . ဒေါ်နင်းဝတ်ရည် LL.B
တရားရုံးတော်ရှေ့နေ (စဉ်-၁၀၃၄၀) တရားရုံးတော်ရှေ့နေ(စဉ်-၁၀၃၆၀)
အမှတ်(၃၇၇/က)ပိဿိုးဝင်း(၁)လမ်း၊ (၄)ရပ်ကွက်၊ဒဂုံသစ်(မြောက်ပိုင်း)ပြို့နယ် ရန်ကုန်မြို့
ဂုဏ်း - ၀၉၂၄၃၃၅၂၂၊ ၀၉၄၂၀၃၃၅၅၅

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
မဟာအောင်မြေခရိုင်တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၇၁

ဒေါ်သင်းသင်းလင်း နှင့် ၁။ ဒေါ်ယဉ်မြင့်ဌေး
၂။ မောင်ထူးလွင်ကိုကို
တရားလို တရားပြိုင်များ

မတ္တရာမြို့၊ (ယခင်ဈေးဟောင်းအနီး)၊ ဈေးဟောင်းရပ်၊ အမှတ်(၁) ရပ်ကွက်နေ ဒေါ်ယဉ်မြင့်ဌေးနှင့် မောင်ထူးလွင်ကိုကို (ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။

သင့်အပေါ်၌ တရားလို က ငွေကျပ်(၅၅၀)သိန်းနှင့် နစ်နာကြေး ငွေကျပ်(၅၅၀)သိန်း၊ စုစုပေါင်းကျပ် (၁၁၀၀)သိန်းတိတိ တစ်လုံးတည်း ငွေပြန်လည်ရရှိပို့ လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှုင်းလင်းရန် ရုံးတော်သို့ လာရောက် ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ဤကိန်းခွဲ လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စုစုလှိုင်)
ဒုတိယခရိုင်တရားသူကြီး(၁)
မဟာအောင်မြေခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေရီယာ ၀.၀၅၄ကေရို့ ဒေါ်သင်းသင်းဖိုး ၅/ကနန(နိုင်)၀၂၅ ၅၆၅ (ဘ)ဦးပြုံး အမည်ပေါက် နှစ်(၃၀)မြောင်းစာချုပ် မြေကွက်အမှတ်(ပ-၃၂၉၉၅) ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၉၂/၂၀၁၁(၂-၂-၂၀၁၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နန်းစိုးမိုး ၅/စကန(နိုင်)၀၈၇၉၇၀(ဘ) ဦးရီမောင် မှ ဒေါ်သီသီ ၅/စကန(နိုင်)၁၆၈၃၃၅၄ မှတ်ပုံတင်အရောင်းအဝယ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေကွေငင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်၊ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ/မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနစု၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေကွေငင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်း ဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး။ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်၊ ဒုံစုရစ်ကျေးရွာနေ ဦးဇော်မင်း(ခ) ဦးမောင်ညီ ၇/ဒဥန(နိုင်)၀၁၄၀၀၆ နှင့် ဖခင်ဖြစ်သူ ဦးအုံးမောင်(ခ)ဦးအုန်းမောင် တို့မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးဇော်မင်း(ခ)ဦးမောင်ညီ၊ ဦးအုံးမောင်(ခ)ဦးအုန်းမောင်

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ စက်မှုတိုးချဲ့ကွက်သစ်၊ တိုးချဲ့မြေကွက်ကြီးအမှတ်(၆/စက်မှု)၊ ဆိမ်အကွက်ငယ်အမှတ်(၃၈၂) ၄၂၁၀မြေကွက်၊ ဦးကျော်စော အမည်ပေါက်(၈၀ x ၁၂၀)ပေရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မင်းကျော် ၁၄/ပတန(နိုင်)၀၀၀၉၄၄၀မှ ဦးမောင်မောင်ညွှန့် ၁၃/မဟတ(နိုင်)၀၀၂၁၀ ကအကြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အပြည့်အစုံဖြင့် ယခု သတင်းစာကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဖြိုးမမ(စဉ်-၁၃၆၂၈)
တရားလွှတ်တော်ရှေ့နေ
၈၂/၁၁၅ကုန်းသည်လမ်း၊ ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။
Ph-09-267188569

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5F/6083, Daihatsu Hijet S200P, Pick up (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဌေးဝင်း ၈/ပခက (နိုင်)၃၀၄၂၉၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/27865 ယာဉ်လက်ဝယ်ရှိသူ ဦးလှမင်း ၇/တငန(နိုင်)၁၆၄၂၅၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/94664 ယာဉ်လက်ဝယ်ရှိသူ ဦးတင့်အောင် ၇/ထတပ(နိုင်) ၀၇၉၃၂၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/92620, Honda 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သုသုအေး က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မင်းဘူး)

အမွေဆက်ခံရန်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၃)
ထားဝယ်ခရိုင်တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၇

ကွယ်လွန်သူ ဦးဉာဏ်သိန်း၌ ကျန်ရစ်သောပစ္စည်းအကြောင်း။

ဒေါ်ချိုနွယ်အေး လျှောက်ထားသူ

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကည်ရလ်ကွက်၊ မြေတိုက်ကျောင်းလမ်းသွယ်၊ အမှတ် (၃၄)နေ့ ဒေါ်ချိုနွယ်အေးက ကွယ်လွန်သူ ဦးဉာဏ်သိန်း၏ တူမအရင်းဖြစ်သည်ဟူ၍ ထားဝယ်မြို့၊ ကည်ရလ်ကွက်၊ မြေတိုက်ကျောင်းလမ်းသွယ်၊ အမှတ် (၃၀၀) နေ့ ၎င်းကွယ်လွန်သူ ဦးဉာဏ်သိန်း ကျန်ရစ်သော ပစ္စည်းများထဲမှရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးသို့ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးဉာဏ်သိန်း ကျန်ရစ်သော ပစ္စည်းများ အပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် (၁၃၈၆ ခု၊ နတ်တော်လဆန်း ၁၂ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ ရက်တွင် လျှောက်သူ ဒေါ်ချိုနွယ်အေး၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထိပ်ထားလေး)
ခုတိယခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
၂၀၂၄-ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၃

ဦးစန်းဖြင့် နှင့် ဒေါ်မောမာအေး
(တရားလို) (တရားမြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတလမ်း၊ အမှတ်(၇၈၄)ရပ်ကွက် (ယခုနေရပ် လိပ်စာမသိသူ) တရားပြိုင် ဒေါ်မောမာအေး သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အိမ်ခြံမြေအရောင်းအဝယ် စာချုပ်အား တရားဝင်မှတ်ပုံတင် ပေးစေလိုမှု"ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၄-ခုနှစ်၊ ဒီဇင်ဘာလ(၁၂)ရက်၊ (၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်)၊ မွန်းလွဆည်မီ (၁၀း၀၀)နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေချင်လင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေရာ၌တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ဖျက်ကွယ်တွင်း ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်း လိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၇)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
